မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ညောင်နှစ်ပင် အထူးဇုန်၌ စိုက်ပျိုးမွေးမြူသူများနှင့် တွေ့ဆုံဆွေးနွေး လှည်းကူးမြို့နယ်ရှိ နွေစပါးစိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါ၍ ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မွေးမြူရေး အထူးဇုန်၏ အထူးဇုန်(၂)ရှိ စီမံခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိပြီး စီမံခန့်ခွဲရေးကော်မတီရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ကိုင်သူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက မိမိတို့ဇုန်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကသာ-အင်းတော်-နန့်စီးအောင်လမ်းနှင့် ရွှေဘို-မြစ်ကြီးနားလမ်းပိုင်း အခြေအနေများ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက ကသာမြို့နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မှာကြားပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

မြေထိန်းနံရံဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ကသာမြို့ ကမ်းနားလမ်းအား လမ်းမြေတိုးချဲ့ခြင်းနှင့် ကျောက်ရိုးစီ မြေထိန်းနံရံဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုနှင့် မြစ်ရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၅ ●

နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသ လက်ဖက်ထွက်ရှိရာဒေသအဖြစ် ကြိုးပမ်းဖော်ဆောင်နေပြီ

သတင်းခရီးသည် - မြင့်မောင်စိုး ▼ ဓာတ်ပုံမှတ်တမ်း - အာကာကျော် ▼ စာမျက်နှာဖွဲ့စည်းမှု - လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော်ပျဉ်းမနား အောင်ဘိသိက်ကျေးရွာအုပ်စု၏ လက်ဖက်ပျိုးဥယျာဉ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်ပျိုးပင်များ။ (မြန်မာ့အလင်း)

နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ မဲပေါက်ကျေးရွာအုပ်စု၏ လက်ဖက်ပျိုးဥယျာဉ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နေပြည်တော် မတ် ၃

လက်ဖက်ကို မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ အများအားဖြင့် စိုက်ပျိုးကြသည်။ လက်ဖက်သည် တစ်ကြိမ်ဖြစ်ထွန်းအောင် စိုက်ထားလျှင် သားစဉ်မြေးဆက် ဆွတ်ခူးစားသုံးနိုင်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ် ဆွတ်ခူးစားသုံးနိုင်သဖြင့် ပဒေသာပင်များဟုဆိုလျှင် မှားမည် မဟုတ်ပေ။

စာမျက်နှာ ၇ ကော်လံ ၁ ❐

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၄ ရက်)

အကျိုးများမည့်ရော်ဘာကို စီးပွားဖြစ်ပိုမိုတိုးချဲ့စိုက်ပျိုး

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည့် ရော်ဘာကို မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် စိုက်ပျိုးလျက်ရှိသည်။

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေးရည်မှန်းလျက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ရော်ဘာစိုက်ဧက ၄၀၇၈၇၉အထိ စိုက်ပျိုးနိုင်ခဲ့သည်။ မွန်ပြည်နယ်၏ ရော်ဘာစိုက်ဧကသည် တစ်နိုင်ငံလုံးရော်ဘာစိုက်ဧက၏ ၄၀ဒသမ ၄၂ရာခိုင်နှုန်း၊ အစေးလှီးဧကတွင် ၆၀ရာခိုင်နှုန်းနှင့် ရော်ဘာအစေး ထုတ်လုပ်နိုင်မှုမှာ ၆၂ရာခိုင်နှုန်းရှိ၍ အချိုးအားဖြင့် ရော်ဘာအများဆုံးစိုက်ပျိုးထုတ်လုပ်နိုင်သော ပြည်နယ်ဖြစ်သည်။

မုဒုံသုတေသနနှင့်မျိုးပွားခြံတွင် သုတေသနပြုရော်ဘာထုတ်လုပ်ရေးလုပ်ငန်း၊ ဖူးဆက်ရော်ဘာပျိုးပင် ထုတ်လုပ်ရေးလုပ်ငန်း၊ မျိုးအလိုက် သုတေသနပြု ရော်ဘာပင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် သုတေသနပြုပြန်စိုက်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး နည်းမျိုးစုံသုတေသနပြု လုပ်ကိုင်လျက်ရှိသည်။

တနင်္သာရီတိုင်း မြိတ်ခရိုင်၊ ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်တို့တွင် ရော်ဘာကိုတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး မြိတ်ခရိုင်တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ရော်ဘာကို မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင်သာမက တောင်ပေါ်ဒေသဖြစ်သည့် ရှမ်းပြည်နယ်၌ပါ တိုးချဲ့စိုက်ပျိုးခဲ့ရာ အောင်မြင်မှု ရရှိနေပြီဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် မြေလွတ်မြေရိုင်းများ၊ တောင်ကတုံးများ၌ သုတေသနပြု စိုက်ပျိုးခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်တွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ လုပ်ငန်းများ လုပ်ကိုင်ခွင့်ရနိုင်ရေး၊ နိုင်ငံခြားငွေရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ကို နည်းလမ်းတကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ရည်ရွယ် စိုက်ပျိုးလျက်ရှိသည်။

စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် ရော်ဘာကို ကုန်ကြမ်းပစ္စည်းအဖြစ် မဖြစ်မနေလိုအပ်လျက်ရှိရာ ရေ၊ မြေရာသီဥတုနှင့်ကိုက်ညီသည့် ဒေသများ၌ တိုးချဲ့စိုက်ပျိုးသွားမည်ဆိုပါက တစ်ဦးချင်းဝင်ငွေများတိုးပွားပြီး နိုင်ငံတော်အတွက်လည်း ဝင်ငွေတိုးတက်ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ရော်ဘာကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းအတွက် ကုန်ကြမ်းရရှိပြီး ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံအတွက်ပါ အကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၅-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (အချစ်ဆိုသည်မှာ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level -13)
၁၂း၁၀ အလုပ်အကိုင်အခွင့်အလမ်း (ရည်းမှန်းခြေစိစစ်-၂)
၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ စစ်သည်အတွက်တေးလက်ဆောင်
၁၇း၀၀ Music Talk (13) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာ နားဆင်စရာ **ရိုးသားစွာကြိုးစားပါ**
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကုသိုလ်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (လှို့ဝှက်အပ်သောအမှုကို လှို့ဝှက်ထားသင့်ပါတယ်) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး မြန်မာ-နီပေါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်က မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Ms.Guna Laxmi Sharma နှင့် Federation of Nepal Cottage and Small Industries (FNCSI) ဥက္ကဋ္ဌ Mrs.Lata Pyakurel ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံ သည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကုန်ပစ္စည်းပြပွဲများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးစွာ ဆွေးနွေးကြသည်။ ထို့နောက် UMFCCI နှင့် FNCSI တို့အကြား နှစ်နိုင်ငံစီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးကြသည်။

(မြန်မာ့အလင်း)

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၁၂နာရီခွဲက အင်းစိန်လမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ သဘာပတိ ဦးကျော်ဖေယျ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း(လှထွန်း-တွံတေး)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း (မောင်သက်အောင်)တို့က အမှာစကား ပြောကြပြီးနောက် မြို့နယ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြ အတည်ပြုကြသည်။

ရွေးချယ်

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ နာယကများအဖြစ် ဒဂုံ ဦးဟံစိန်၊ ဒေါ်ကြန် (မကြန်)၊ ဦးကျော်ဖေယျ၊ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)နှင့် ဦးသန်းလွင် (မြင့်သူရ)တို့အားလည်းကောင်း၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်သန်းဦး(မမိုးမြေ)၊ ဒုတိယ ဥက္ကဋ္ဌဦးကျော်ဝင်း (မောင်သက်အောင်)၊ အတွင်းရေးမှူး ဦးလင်းဇော်ခိုင် (လင်းဇော်ခိုင်)၊ တွဲဖက်အတွင်းရေးမှူး ဦးစန်းလွင် (မောင်ချိုစန်း-ဒေးဒရဲ)၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးသန်း (မြကံ့ကော်-လှိုင်)၊ အမှုဆောင်များအဖြစ် မောင်မောင်ထွန်းအောင် (ကျန်းမာရေး)၊ ဦးလှမင်း(အောင်ကျော်မင်း)၊ ဦးအောင်စိုးသူနှင့် ဒေါက်တာကျော်လွင် တို့အားလည်းကောင်း၊ ညီလာခံ ကိုယ်စားလှယ်အဖြစ် ဒေါက်တာဒေါ်ခင်သန်းဦး (မမိုးမြေ)နှင့် မောင်မောင်ထွန်းအောင် (ကျန်းမာရေး)တို့အားလည်းကောင်း ရွေးချယ်ကြသည်။

(အပေါ်ပုံ) (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

နေပြည်တော် ပုဗ္ဗသီရိယာဉ်မောင်းသင်တန်းကျောင်း မော်တော်ဆိုင်ကယ် ရက်တိုယာဉ်မောင်းသင်တန်းဖွင့်

နေပြည်တော် မတ် ၃

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော် ပုဗ္ဗသီရိယာဉ်မောင်း သင်တန်းကျောင်း၌ မော်တော်ဆိုင်ကယ် ရက်တိုယာဉ်မောင်းသင်တန်းအမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲကို မတ် ၁ရက် နံနက် ၉နာရီခွဲက အဆိုပါသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲသို့ ခရိုင်အဆင့် တာဝန်ရှိသူများ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ သတင်းထောက်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ ဖွင့်ပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေ က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်ခရိုင် ဦးစီးမှူး ဦးကျော်စိန်က သင်တန်းနှင့်ပတ်သက်၍ ပြင်ဆင်ထားမှုများ၊ သင်ကြားလေ့ကျင့်ရေး ကိစ္စများကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၁ရက်က မရမ်းကုန်းမြို့နယ် ထက်မြက်ထူးချွန်ဆုပေးပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်တင်ငွေက မြို့နယ်မူလတန်းအဆင့် စာပေဆုအများဆုံး ၁၄ဆု ရရှိသော အမက(၉) မရမ်းကုန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြီးမြင့်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

ကျောက်တန်းမြို့နယ် အသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၃

ကျောက်တန်းမြို့နယ်အသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်း မြို့နယ်အသင်းခမ္မာရုံ၌ လာမည့်မေ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၉ခုနှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ အခြေခံပညာအထက်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသားများသည် မတ် ၁၉ရက် နောက်ဆုံးထား၍ ဂုဏ်ထူးဆောင်နာယက ဦးစိန်ထွန်းအောင် ဖုန်း-၅၇၀၈၅၉၊ ၀၉-၈၀-၂၂၉၂၃၊ ဦးမြင့်စိန် ဖုန်း- ၂၉၀၇၇၃၊ ဦးသင်းအောင် ဖုန်း- ၆၅၂၀၆၅၊ ဦးချန်ဟိုး ဖုန်း- ၆၈၂၈၈၄၊ ဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉၊ ဒေါ်မြင့်မြင့်စီ ဖုန်း-၅၄၅၆၉၉၊ ဦးရဲထွဋ် ဖုန်း-၅၄၀၃၈၅၊ ဦးဝေလွင် ဖုန်း-၅၄၈၁၁၃၊ ဦးကြည်ညွန့် ဖုန်း-၀၅၆-၂၅၆၄၅နှင့် ဦးချစ်ဆွေ ဖုန်း-၀၅၆-၂၅၂၇၆ တို့သို့ အထောက်အထားအပြည့်အစုံဖြင့် စာရင်းပေးပို့ဆက်သွယ်ကြရန်၊ အလှူငွေများကို ဆက်သွယ်လှူဒါန်းရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

တာမိုးညဲမြို့ရှိ ရန်အောင်မြင်စေတီတော် ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် မတ် ၁ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် တာမိုးညဲမြို့ရှိ ဝေယံဘုံသာ ကျောင်းတိုက်၌ ကျင်းပသော ရန်အောင်မြင်စေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ တာမိုးညဲမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥက္ကံသထံမှ တိုင်းမှူး၊ ဝန်ကြီးနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် တာမိုးညဲမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥက္ကံသထံ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီးတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ ဆရာတော် သံဃာတော်များအား ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေထီးတော် ပင့်ဆောင်ခြင်းနှင့် တင်လှူပူဇော်ခြင်း အစီအစဉ်ကို ကျင်းပရာ စိန်ဖူးတော်ကို တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်ကလည်းကောင်း၊ ငှက်မြတ်နားတော်ကို ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လည်းကောင်း၊ တိုင်းမှူး၏ ဇနီးနှင့် တာဝန်ရှိသူများက သာသနာ့အလံတော်၊ ဓွန်းသုံးဘုံ၊ ဆပ်သွားဖူး၊ ကျွန်ဘုံအဆင့်များနှင့် အရံစေတီတော်များ၏ ရွှေထီးတော်များကိုလည်းကောင်း ပင့်ဆောင်ကြ၍ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည် ပူဇော်ကြသည်။

တင်လှူပူဇော်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရွှေထီးတော်ကို ပန်းရထားပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့ သာရည်ဖြင့် ပက်ဖျန်း ပူဇော်ပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံ အဆင့်ဆင့်တို့ကို တင်လှူပူဇော်ကြသည်။

ယင်းနောက် ရန်အောင်မြင်စေတီတော်အား ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာမိုးညဲမြို့ ရန်အောင်မြင်စေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ စိန်ဖူးတော်ကို တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း ပန်းတနော်နှင့် ကျောင်းကုန်းမြို့နယ်တို့၌လမ်းဖွင့်ပွဲများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေး

နေပြည်တော် မတ် ၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ပန်းတနော်မြို့နယ်ရှိ ပိန်းချောင်း-ဇရပ်လှကြီး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် အဆိုပါလမ်း၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေးသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပန်းတနော်မြို့နယ် ဥက္ကဋ္ဌ ဦးမြဦး၊ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် ရပ်မိရပ်ဖ ဦးမြင့်သိန်းတို့က ပိန်းချောင်း-ဇရပ်လှကြီး ကျေးလက်ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် ကျောက်ချောလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။ အဆိုပါ ပိန်းချောင်း-ဇရပ်လှကြီး ကျေးလက် ကျောက်ချောလမ်းသည် လမ်းအရှည်ပေ ၆၈၀၀၊ အကျယ် ရှစ်ပေရှိပြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးခဲ့သော လမ်းဖြစ်သည်။ အဆိုပါလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ပန်းတနော်မြို့နယ် ဇရပ်လှကြီးကျေးရွာအုပ်စုနှင့် ကျုံးတိုင်းကလေးကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၈ရွာနေ ကျေးလက်ပြည်သူများအတွက် ပန်းတနော်-အိမ်မဲကားလမ်းမကြီးမှတစ်ဆင့် အိမ်မဲ၊ မြောင်းမြ၊ ပုသိမ်၊ ပန်းတနော်မြို့နယ်များသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်အားပေး

အလားတူ (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောင်းကုန်းမြို့ ဗန္ဓုလလမ်း ဥယျာဉ် (၂) လမ်းနှင့် မြို့ပြကတ္တရာလမ်းများဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၀နာရီတွင် ကျင်းပရာ ဝန်ကြီး တက်ရောက်အားပေးသည်။

(အောက်ဝဲပုံ)

သွားလာအသုံးပြုနိုင်

ကျောင်းကုန်းမြို့တွင်း လမ်းများမှာ လမ်းအရှည် ၇၁၄ပေရှိ ဗန္ဓုလလမ်း၊ လမ်းအရှည် ပေ ၆၀၀ရှိ ဥယျာဉ် (၂)လမ်း၊ လမ်းအရှည် ပေ ၁၉၀ရှိ လှုပ်စစ်လမ်း၊ မင်္ဂလာလမ်း၊ သုခလမ်း စုစုပေါင်း လမ်းငါးလမ်း၊ လမ်းအရှည် ၁၈၈၄ပေ၊ အကျယ် ၁၀ပေရှိပြီး ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ ပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးခဲ့သော လမ်းဖြစ်သည်။ အဆိုပါ လမ်းများသည် ဒါးကမြစ်ရေကြီးစဉ် ပျက်စီးခဲ့ပြီး ချိုင့်ခွက်များဖြင့် သွားလာမှုခက်ခဲခဲ့ရာမှ ယခုကဲ့သို့ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျောင်းကုန်းမြို့ အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်နှင့် သစ်ဆိမ့်ကုန်းအုပ်စုတို့မှ ပြည်သူများအတွက် လွယ်ကူချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားကူးစက်မှုများ ကာကွယ်ထိန်းချုပ်နိုင်ခဲ့

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံအတွင်း ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်ပွားမှုအနေဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ **New Influenza A (H1N1)** ပိုးတွေ့ရှိသူ ၆၃ဦးရှိခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားသည်ဟု သံသယရှိသူများအား စောစီးစွာရောဂါ စောင့်ကြပ်ကြည့်ရှုရှာဖွေခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ထိရောက်သော ဆေးကုသမှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၀ခုနှစ် မတ် ၃ရက်တွင် တစ်နိုင်ငံလုံး၌ **New Influenza A (H1N1)** ရောဂါဖြင့် ဆေးရုံတက်လူနာ နှစ်ဦးသာ ကျန်ရှိ၍ ရောဂါသက်သာလျက်ရှိပြီး သတ်မှတ်ကုသကာလ မပြည့်သေးသဖြင့် စောင့်ကြပ်ကြည့်ရှု ကုသပေးလျက်ရှိခြင်းသာဖြစ်ကြောင်း၊ သေဆုံးသူလုံးဝမရှိကြောင်း သတင်းရရှိသည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ ပြည်သူလူထုတို့ပူးပေါင်း၍ အချိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရောဂါထပ်မံဖြစ်ပွားကူးစက်မှု ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေးသတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

နယူးဒေလီ မတ် ၃

ဒိုင်နိုဆောများကိုစားသော မြွေကြီးတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းအား အိန္ဒိယနိုင်ငံ ဆန်ကရစ်ဒေသ၌ ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ ပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။ ***(အပေါ်ပုံ)***

မြွေကျောက်ဖြစ်ရုပ်ကြွင်း

ယင်းဒိုင်နိုဆောစား မြွေကျောက်ဖြစ်ရုပ်ကြွင်းကို အိန္ဒိယ သိပ္ပံပညာရှင်များက အဆိုပါ ဒေသရှိ ဒိုင်နိုဆောဥအသိုက်တစ်သိုက်အတွင်းမှ တွေ့ရှိခဲ့သည်ဟုဆိုသည်။

သက်တမ်း

ထိုကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာ နှစ်သန်းပေါင်း ၆၇သန်းရှိပြီး အရှည် ၃ဒသမ ၅မီတာရှိကြောင်း၊ ယင်းမှာ ဒိုင်နိုဆောစားမြွေကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း မီချီဂန် တက္ကသိုလ်နှင့် တိုရွန်တိုတက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များက အတည်ပြုပေးခဲ့ကြောင်း သိရသည်။ အပင်စားသော ဒိုင်နိုဆောများသည် အလေးချိန်တန် ၁၀၀အထိ ရှိနိုင်သည်ဟု ဆိုသည်။ သို့သော် ယင်းမြွေကြီးသည် ဒိုင်နိုဆောငယ်များနှင့် ဥများကို စားသောက်ခဲ့ပုံရကြောင်း ပညာရှင်တို့က ခန့်မှန်းကြသည်။ ၎င်းကျောက်ဖြစ်ရုပ်ကြွင်းကို အိန္ဒိယ သိပ္ပံပညာရှင်များက ၁၉၈၇ခုနှစ်တွင် လေ့လာတွေ့ရှိခဲ့သည်။ သို့သော် ၂၀၀၁ခုနှစ်တိုင်အောင် ဒိုင်နိုဆောစားမြွေဖြစ်ကြောင်း သိပ္ပံပညာရှင်များက အတည် မပြုနိုင်ခဲ့ပေ။ မကြာမီကမှ ဒိုင်နိုဆောစားခဲ့သော မြွေကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ***(အင်တာနက်)***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၃-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၇:၄၀	၃။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၄၅	၄။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၅။	အတီးပြိုင်ပွဲ
၈:၁၀	၆။	အကပဒေသာ
၈:၂၅	၇။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၈။	International News
၈:၄၅	၉။	တေးဂီတအစီအစဉ်
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၁၅	၃။	အဆိုပြိုင်ပွဲ
၄:၂၅	၄။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၄၀	၅။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
၄:၅၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာ၊ အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ အထူးပြုများ) (စီးပွားရေးပညာ)
၅:၁၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅	၈။	**မြူတိမ်ကင်းသောနေ့**
၅:၃၀	၉။	ရုပ်မြင်ရသ တေးစုကဏ္ဍ
၅:၅၀	၁၀။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၁၅) မိုးမိုး၊ သဇင်၊ ညီထက်၊ ယုဇန၊ ဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၅)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၂၂)
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၆)
	၂၁။	အစီအစဉ်ပြီး၏။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မတ် ၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၃ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၄၁၃ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၄၈၃၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၄၁၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၄၈၃၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် မတ် ၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၃ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၆၃၃ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ ၃၈၉၇၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၆၃၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၉၇၁ ဦး

(အင်တာနက်)

အာဖဂန်နယ်စပ်တိုက်ခိုက်မှု နေတိုးတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူးလ် မတ် ၃

နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူတပ် (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင် သုံးဦးသည် မတ် ၁ရက်က အာဖဂန်နယ်စပ်၌ သီးခြားစီဖြစ်သောတိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရသည်။

ထုတ်ပြန်ကြေညာ

နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသည် အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း စစ်ဆင်ရေးအတွင်း သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ အာဖဂန်တောင်ပိုင်း၌ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အိုင်အက်စ်အေအက်ဖ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

နေတိုးတပ်များက ဟယ်လ်မန်ပြည်နယ် တောင်ပိုင်း၌ တာလီဘန်များကို ပစ်မှတ်ထားလျက် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွား ပြီးနောက် အပျက်အစီးများကို မတ်၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌အကြမ်းဖက်တိုက်ခိုက်မှုများ သိသိသာသာမြင့်တက်လာ ဖေဖော်ဝါရီလအတွင်း အရပ်သားများသေဆုံးမှုများပြား

ဘဂ္ဂဒက် မတ် ၃

အီရတ်အရပ်သားများသေဆုံးမှုသည် ပြီးခဲ့သောမေလနှင့် နှိုင်းယှဉ်လျှင် ၂၁၁ဦးတိုးလာကြောင်း၊ မတ် ၇ရက် ပါလီမန်ရွေးကောက်ပွဲ ကျင်းပရန် နီးလာချိန်၌ အကြမ်းဖက်မှုများမြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက မတ် ၁ရက်တွင် ပြောကြားသည်။

သေဆုံး

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကို ခြုံငုံကြည့်လျှင် လွန်ခဲ့သော နှစ်နှစ်အတွင်း ကျဆင်းသွားသည်။ သို့သော် မကြာသေးသည့် လများက အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြည်သူ ၁၃၅ဦးသေဆုံးခဲ့ရသည်။

ဗုံးဖောက်ခွဲ

ဖေဖော်ဝါရီ ၅ရက်က ကာဘာလာမြို့၌ ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်နေစဉ်အတွင်း ကားဗုံးနှစ်လုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လူ၄၀ သေဆုံးပြီး ၁၄၅ဦးဒဏ်ရာရရှိသွားခဲ့သည်။

ကျူးကျော် တိုက်ခိုက်

အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ်က အမေရိကန်နှင့် အပေါင်းပါများ ဦးဆောင်ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် ခြောက်နှစ်ခွဲကျော်ကာလအတွင်း အနည်းဆုံး အီရတ်ပြည်သူ ၇၀၀၀၀၀ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံတောင်ပိုင်း နာဆရီမြို့အနီး ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နေတိုး စက်သုံးဆီတင်ယာဉ် ပါကစ္စတန်၌ ပစ်ခတ်ခံရ

အစ္စလမ္မာဘတ် မတ် ၃

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်ဒေသရှိ နေတိုးအဖွဲ့အခြေစိုက်စခန်းအတွက် သယ်ဆောင်လာသည့် စက်သုံးဆီတင်ယာဉ်ကို မတ် ၁ရက်က စစ်သွေးကြွတို့၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ အနောက်မြောက်ပိုင်း၌ လက်နက်ကြီးဖြင့် အဆက်မပြတ်ပစ်ခတ်ရာမှ ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ပြောကြားချက်ကို ပြည်နယ်အသံလွှင့်ဌာနက ထုတ်ပြန်ကြေညာသည်။

အဆိုပါ ထောက်ပံ့ရေးစက်သုံးဆီတင်ယာဉ်ကို ပစ်မှတ်ထားတိုက်ခိုက်မှုအတွင်း ယာဉ်မောင်းမှာ လွတ်မြောက်သွားပြီး ယာဉ်ပေါ်၌ လိုက်ပါလာသူတစ်ဦး ပြင်းထန်စွာဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ်၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် တာလီဘန်ခေါင်းဆောင် လက်ချ်ကာ-အီ-ဂျာဟန်ဗီ သေဆုံး

အစ္စလမ္မာဘတ် မတ် ၃

ပါကစ္စတန်တာလီဘန်ခေါင်းဆောင် လက်ချ်ကာ-အီ-ဂျာဟန်ဗီ သေဆုံးသွားပြီဖြစ်သည်ဟု အင်တာနက်သတင်း၌ မတ် ၃ရက်က ဖော်ပြသည်။

၎င်းသည် အမေရိကန် ကင်းထောက်လေယာဉ်က မြောက်ဝါဇီရစ္စတန်ဒေသကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လက်ချ်ကာ-အီ-ဂျာဟန်ဗီသည် ၂၀၀၂ ခုနှစ်အတွင်း အမေရိကန်သတင်းထောက် အသတ်ခံရမှုနှင့် ပတ်သက်ဆက်နွယ်နေသည့်အပြင် ကရာချိမြို့တောင်ပိုင်း၌ ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပါ ဆက်နွယ်လျက်ရှိသည်ဟု သတင်းတွင်ဖော်ပြသည်။

မကြာသေးမီနှစ်များအတွင်း ပေါ်ပေါက်ခဲ့သော တာလီဘန်တို့၏ အကြမ်းဖက် တိုက်ခိုက်မှုများသည် လက်ချ်ကာ-အီ-ဂျာဟန်ဗီ၏ကြိုးကိုင်စေခိုင်းခြင်းကြောင့် ဖြစ်ပွားခဲ့ကြောင်း သုံးသပ်သူများက ပြောကြားသည်။ **(အင်တာနက်)**

ကန်ဒါဟာ၌ အင်အားပြင်းဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံး၊ ၁၇ဦးဒဏ်ရာရ

ကန်ဒါဟာ မတ် ၃

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာ လေဆိပ်သို့သွားရာ လမ်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး အခြား ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပျက်စီး

ဗုံးပေါက်ကွဲမှုအတွင်း မော်တော်ယာဉ်ခြောက်စီး မီးလောင်ပျက်စီးကာ အဆောက်အအုံအများအပြား ပျက်စီးသွားသည်ဟု ဆိုသည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ တာလီဘန်တို့က ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်းနှင့် ယင်းဖြစ်စဉ်အတွင်း နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၁ဦး သေဆုံးကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အရပ်သားများ အကြောင်းမဲ့သေဆုံးနေရမှု အီရတ်ပြည်သူအများ ဒေါသအမျက်ခြောင်းခြောင်းထွက်

မိုဆူးလ် မတ် ၃

အီရတ်နိုင်ငံအတွင်း အရပ်သားများအကြောင်းမဲ့သေဆုံးနေရခြင်းအပေါ် အစိုးရအနေဖြင့် အမြန်ဆုံးကိုင်တွယ် ဖြေရှင်းပေးရန် မိုဆူးလ်မြို့၌ မတ်၂ရက်က ထောင်ပေါင်းများစွာသောပြည်သူများက ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ချီတက်ဆန္ဒပြခဲ့ကြသည်။

လွန်ခဲ့သောနှစ်က မိုဆူးလ်မြို့ အကြမ်းဖက်တိုက်ခိုက်မှုတွင် အနည်းဆုံးပြည်သူ ရှစ်ဦးသေဆုံးခဲ့ရသည်။ မိုဆူးလ်မြို့၌ မကြာသေးမီက တိုက်ခိုက်မှုများဖြစ်ပွားခဲ့စဉ်အတွင်း ဘေးလွတ်ရာသို့ မိသားစုဝင် ၆၈၀ ထွက်ပြေးကြရသည်။

ချီတက်ဆန္ဒပြ

အလားတူ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌လည်း အရပ်သားများ သေဆုံးနေရခြင်းအပေါ် မကျေနပ်၍ ရာပေါင်းများစွာသော ပြည်သူများ ချီတက်ဆန္ဒပြခဲ့ကြသည်။

(အင်တာနက်)

ရုရှား-ဂျော်ဂျီယာနယ်စပ်ဒေသ ပြန်လည်ဖွင့်လှစ်ကြောင်း ကြေညာ

မော်စကို မတ် ၃

ရုရှားနှင့်ဂျော်ဂျီယာ နှစ်နိုင်ငံနယ်စပ်ဂိတ်ကို မတ် ၁ရက် စောစောပိုင်းက ပြန်လည်ဖွင့်လှစ်လိုက်သည်။ ဤသည်မှာ ယခင်ဆိုဗီယက်ပြည်ထောင်စုနှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာမှုများ လျော့ကျသွားသည့် ရှားရှားပါးပါးလက္ခဏာတစ်ရပ်ဖြစ်ကြောင်း ရုရှားမီဒီယာက သတင်းထုတ်ပြန်သည်။

ရုရှား(ဗာကင်နယ်လာလာဆာဒေသ)နှင့် ဂျော်ဂျီယာ(ကာဇ်ဘီဂီဒေသ)ရှိ နှစ်နိုင်ငံအကြား တစ်ခုတည်းသော နယ်စပ်ဖြတ်ကျော်ဂိတ်ကို မတ် ၁ရက်မှ နို၀င်ဘာ ၁ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ည ၁၀နာရီအထိ ပြန်လည်ဖွင့်လှစ်ထားရှိကြောင်း ပြည်နယ် နယ်စပ်လုံခြုံရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထုတ်ပြန်ကြေညာ

နှစ်နိုင်ငံပြည်သူများအနေဖြင့် ဘီလီဆီမြို့ရှိ ရုရှားသံရုံးနှင့် မော်စကိုမြို့ရှိ ဂျော်ဂျီယာသံရုံးတို့တွင် နယ်စပ်ဖြတ်ကျော်ခွင့်ဗီဇာများကို ရယူနိုင်ကြောင်း ဂျော်ဂျီယာနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို အီတာတာ့ခ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ပိတ်ထား

၄င်းနှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှုများကြောင့် ကော့ကေးဆပ်တောင်တန်းဖြတ်ကျော်သည့် နယ်စပ်ဂိတ်ကို ၂၀၀၆ ခုနှစ်လယ်ကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

(အင်တာနက်)



ရုရှားနိုင်ငံ မော်စကိုမြို့၌ နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်မည့် အာကာသယာဉ်မှူးများ မော်စကို အာကာသယာဉ်စခန်းအပြင်ဘက်၌ သရုပ်ပြလေ့ကျင့်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်)

အီရန်၌ စွမ်းအင်ဆိုင်ရာ ကုန်စည်ပြပွဲ ကျင်းပမည်

တီဟီရန် မတ် ၃

ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရေနံဓာတုပစ္စည်းလုပ်ငန်းနှင့် ထုတ်လုပ်မှုဆိုင်ရာ (၁၅)ကြိမ်မြောက် နိုင်ငံတကာကုန်စည်ပြပွဲကျင်းပရေးအတွက် စွမ်းအင်ကုမ္ပဏီကြီးများကို အီရန်နိုင်ငံမှ ဖိတ်ခေါ်လျက်ရှိသည်။

ဖိတ်ခေါ်

အဆိုပါ စွမ်းအင်ဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲကို တီဟီရန်မြို့၌ ဧပြီ ၂၀ရက်မှစတင်ကာ လေးရက်ကြာကျင်းပမည်ဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံခြားကုမ္ပဏီများမှ ပါဝင်ပြသနိုင်ရေးကို ဖိတ်ခေါ်ခြင်းဖြစ်သည်။

ပါဝင်

ယခင်နှစ်တွင် တီဟီရန်မြို့၌ကျင်းပသည့် (၁၄)ကြိမ်မြောက် စွမ်းအင်ဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲသို့ နိုင်ငံပေါင်း ၃၅နိုင်ငံမှ ပါဝင်ပြသခဲ့ကြသည်။

(အင်တာနက်)

ဟေတီနိုင်ငံ၌ရေလွှမ်း၍ ၁၃ဦးသေဆုံး ဒေသခံ ၃၀၀၀ကျော် ရွှေ့ပြောင်းပေးခဲ့ရ

ပို့အော်ပရင့်စ် မတ် ၃

ဟေတီနိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်နောက်ဆုံးက မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုကြောင့် လက်စ်ကာရက်ဖ်မြို့၌ သေဆုံးသူဦးရေမှာ ၁၃ဦးအထိ ထပ်မံတိုးမြင့်လာကြောင်း မတ် ၁ရက်တွင် ၄င်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ရွှေ့ပြောင်း

ရေလွှမ်းမှုကြောင့် ယင်းဒေသရှိ ဒေသခံပြည်သူ ၃၀၀၀ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ထပ်လောင်းပြောကြားသည်။

ငလျင်ဒဏ်ခံစားကြရသည့် ဟေတီနိုင်ငံအတွင်း ရေလွှမ်းမှုကြောင့် အိမ်များ၊ လမ်းများနှင့် ကောက်ပဲသီးနှံခင်းများပျက်စီးကာ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခံစားကြရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အစ္စရေး စစ်လေယာဉ်များ လက်ဘနွန် လေကြောင်းချိုးဖောက်

ဘေရွတ် မတ် ၃

အစ္စရေးဂျက်တိုက်လေယာဉ်များသည် လက်ဘနွန် လေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်ကာ နိုင်ငံ၏တောင်ပိုင်းဒေသရှိ ကျေးရွာများပေါ်တွင် အနိမ့်ပျံသန်းခဲ့ကြကြောင်း လက်ဘနွန်စစ်ဘက်အာဏာပိုင်များက ပြောကြားသည်။

ပျံသန်း

အစ္စရေးတိုက်လေယာဉ်အများအပြားသည် လက်ဘနွန်လေကြောင်းပိုင်နက်အတွင်း ဖေဖော်ဝါရီ ၂၈ရက်ညက ကျူးကျော်ခဲ့ပြီး ဆီဒွန်၊ မာဂျေယွန်နှင့် ဟာစဘာယာမြို့များပေါ်မှ ပျံသန်းကြသည်။

ဖော်ပြ

အစ္စရေးက လက်ဘနွန်၏လေကြောင်းပိုင်နက်ကို နေ့စဉ်လိုလို ချိုးဖောက်နေကြကြောင်း၊ သို့ရာတွင် ပုံမှန်အားဖြင့် ပစ်ခတ်မှုများမရှိခဲ့ကြောင်း လက်ဘနွန်စစ်ဘက်က ဖော်ပြသည်။ **(အင်တာနက်)**

ငလျင်ဒဏ်ခံစားရသည့် ချီလီပြည်သူများသို့ အမေရိကန်ဒေါ်လာတစ်သန်း တရုတ်ထောက်ပံ့မည်

ပေကျင်း မတ် ၃

ချီလီနိုင်ငံ၌ ငလျင်ဒဏ်ခံစားရသည့်ဒေသရှိ ပြည်သူများအတွက် တရုတ်နိုင်ငံမှ အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း မတ် ၁ရက်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထောက်ပံ့

တရုတ်နိုင်ငံအနေဖြင့် ၄င်းနိုင်ငံအတွင်း လိုအပ်သည့် အကူအညီများကို ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်သည်။

ပျောက်ဆုံး

ချီလီနိုင်ငံ၌လှုပ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သေဆုံးသူပေါင်း ၇၀၈ဦးရှိပြီး ရာပေါင်းများစွာပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

လေကြောင်းပြပွဲ

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ၂၀၁၀ စင်ကာပူ လေကြောင်းပြပွဲကို မတ် ၂ရက်က တွေ့ရစဉ်။

(ယင်းလေကြောင်းပြပွဲ၌ နိုင်ငံပေါင်းစုံနှင့် ဒေသတွင်း အဖွဲ့အစည်း ၄၀မှ ပါဝင်ပြသသည်။) **(ဆင်ဟွာဓာတ်ပုံ)**

ဂါဇာနယ်စပ်ဂိတ် အီဂျစ် ပြန်လည် ဖွင့်လှစ်ပေး

ဂါဇာ မတ် ၃

အီဂျစ်အစိုးရအနေဖြင့် ဂါဇာကမ်းမြောင်ဒေသနှင့် နယ်နိမိတ်ထိစပ်နေသော ရက်ဖ်နယ်စပ်ဖြတ်ကျော်ရေးဂိတ်ကို မတ် ၁ရက်က ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ဟားမတ်စ်အာဏာပိုင်များက ပြောကြားသည်။

ဖွင့်လှစ်ပေး

လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းပြဿနာများကို ဖြေရှင်းရန်အတွက် အဆိုပါနယ်စပ်ကို သုံးရက်ကြာ ဖွင့်လှစ်ပေးမည်ဟုဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ယူဂန်ဒာအရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွား၊ ၁၂၀ ခန့်သေဆုံး

ယူဂန်ဒာနိုင်ငံအရှေ့ပိုင်း ဘူဒူဒါမြို့အနီး ကျေးရွာတစ်ရွာ၌ မတ်၃ရက်နံနက်က မြေပြိုမှုဖြစ်ပွားရာ ၁၂၀ခန့်သေဆုံးခဲ့ကြောင်း၊ နေအိမ်များပျက်စီးပြီး မီတာ၂၀၀ ပတ်လည်အကျယ်အဝန်းရှိ မြေကျင်းကြီးဖြစ်သွားခဲ့ကြောင်း၊ သေဆုံးသူများကို မြေကြီးများအတွင်းမှ ရှာဖွေလျက်ရှိကြောင်း ယူဂန်ဒာရဲတပ်ဖွဲ့က မတ်၃ရက်တွင် ပြောကြားသည်။ ***(အောက်ပုံ)***

ချီလီ၌ပြိုကျသည့်အဆောက်အအုံများမှ ၇၉ဦးကယ်ဆယ်

အင်အားပြင်းငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကွန်စီရှင်းမြို့အဆောက်အအုံပျက်များအတွင်းမှပိတ်မိနေသူ ၇၉ဦးအားကယ်ဆယ်ရေးအဖွဲ့များက မတ် ၃ရက်နံနက်တွင် အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ကြောင်း ချီလီနိုင်ငံရှိ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

ဥရောပ၌ အိုင်တီကျွမ်းကျင်သူများလျော့နည်းလာ

ဥရောပနိုင်ငံများတွင် ခေတ်မီအိုင်တီနည်းပညာကျွမ်းကျင်သူလူငယ်ဦးရေ လျော့နည်းလျက်ရှိကြောင်း၊ လာမည့်၂၀၁၅ခုနှစ်တွင် အိုင်တီကျွမ်းကျင်သူပညာရှင် မျိုးဆက်ပြတ်တောက်မှုနှင့်ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိကြောင်း ဂျာမနီနိုင်ငံမှ အိုင်တီကျွမ်းကျင်သူများက မတ်၃ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနှင့်ခရိုအေးရှားဓာတ်ငွေ့ပိုက်လိုင်း ပူးတွဲဆောင်ရွက်မည်

ရုရှားနှင့်ခရိုအေးရှားနှစ်နိုင်ငံ ဓာတ်ငွေ့တင်ပို့ဖြန့်ဖြူးမှုဆိုင်ရာ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုစီမံကိန်းကို ပူးတွဲဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယင်းဓာတ်ငွေ့ပိုက်လိုင်းမှာ ရုရှားမှ ခရိုအေးရှားနိုင်ငံသို့ ဖြတ်သန်းတည်ဆောက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီမှု လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ရုရှားအရာရှိများက မတ်၃ရက်တွင် ပြောကြားသည်။

ပီရူးနိုင်ငံ တာရေးခရိုင်၌ ရေလွှမ်းမိုးမှုဖြစ်ပွား

ပီရူးနိုင်ငံ တာရေးခရိုင်တွင် မတ်၃ရက်နံနက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံရှစ်ဦးသေဆုံးပြီး လူ၂၀ခန့်ပျောက်ဆုံးလျက်ရှိကြောင်း၊ နေအိမ်အများအပြားရေလွှမ်းမှုဖြစ်ပွားလျက်ရှိကြောင်း ပီရူးအရာရှိများက ပြောကြားသည်။

တောင်အာဖရိက၌ လေဆိပ်၁၀ခုအဆင့်မြှင့်တင်ထား

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ လာရောက်ကြည့်ရှုကြမည့် နိုင်ငံတကာပရိသတ်များနှင့် အားကစားအဖွဲ့များအတွက် တောင်အာဖရိကနိုင်ငံတွင် လေဆိပ်၁၀ခုကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇ဘီလီယံ အကုန်အကျခံကာ အဆင့်မြှင့်တင်ထားကြောင်း တောင်အာဖရိကအရာရှိများက မတ် ၃ရက်၌ သတင်းထုတ်ပြန်သည်။

မလေးရှား၌ A(H1N1)ဖြင့်သေဆုံးသူ ၇၈ ဦးရှိ

မလေးရှားနိုင်ငံ ကီလန်တန်ပြည်နယ် အရှေ့မြောက်ပိုင်း စိန်းစ်ဆေးရုံ၌ မတ် ၃ရက်က အသက် ၂၂နှစ်အရွယ် အမျိုးသမီးတစ်ဦး A(H1N1) ရောဂါဖြင့် သေဆုံးခဲ့ရာ မလေးရှားနိုင်ငံတွင် ယင်းရောဂါကြောင့် သေဆုံးသူဦးရေ စုစုပေါင်း ၇၈ဦးရှိလာပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးအရာရှိများက ပြောကြားသည်။

တရုတ်အရှေ့ပိုင်း၌ ဆီးနှင်းများထူထပ်စွာကျဆင်း

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုံပြည်နယ်တွင် မတ် ၃ရက် နံနက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ မော်တော်ယာဉ်သွားလာရေးပြတ်တောက်ပြီး နေအိမ် ၅၈၈၃ လုံး ဆီးနှင်းဖုံးလွှမ်းခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားတိုက်လေယာဉ်နှစ်စင်း ပြန်လည်တွေ့ရှိ

တောင်ကိုရီးယားတိုက်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ် မတ် ၂ရက်က ပျောက်ဆုံးခဲ့ရာ ယင်းတိုက်လေယာဉ်နှစ်စင်းပျောက်ဆုံးမှုကို မတ် ၃ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းလေယာဉ်မှာပျက်ကျပြီး လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးသေဆုံးခဲ့ကြောင်း တောင်ကိုရီးယားလေတပ်အရာရှိများက ပြောကြားသည်။ ***(အင်တာနက်)***

တောင်ဇလပ်မြေမှာ သာတဲ့လ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်) ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၃

လူမှုရေးအခက်အခဲများကြောင့် အတန်းပညာကို ဆုံးခန်းတိုင် မသင်ကြားနိုင်ကြရသော လူငယ် အမျိုးသား၊ အမျိုးသမီးများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို မြန်မာနိုင်ငံတစ်ဝန်း တိုင်းနှင့်ပြည်နယ်၊ တောင်ပေါ်မြေပြန့်မကျန် နိုင်ငံတော်မှအခမဲ့ ဖွင့်လှစ်သင်ကြားပေးနေခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်အမျိုးသားများအတွက် လူငယ်များဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းများ ဖွင့်လှစ်ပေးသလို အမျိုးသမီးငယ်များအတွက်လည်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့သည်။

တည်ဆောက်ထား

၂၀၁၀ခု နှစ်ဆန်းပိုင်းက မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်မှ တည်ဆောက်ပြီးစီးသွားသည့် ရေလှောင်တမံသတင်း ရယူရင်း ကျောက်ထုနှင့် ၂၈မိုင်ခန့်သာကွာဝေးသော ချင်းပြည်နယ် မင်းတပ်တောင်ပေါ်မြို့သို့ ရောက်ရှိလာခဲ့သည်။ မင်းတပ်မြို့ အနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး၏ ကျယ်ဝန်းသော ကုန်းမြင့်ပေါ်တွင် တည်ဆောက်ထားသည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သတင်းအဖွဲ့ဝင်ရောက်လေ့လာခဲ့သည်။ မြေ ၃ ဒသမ ၃၄၉ ဧက ကျယ်ဝန်းသော ကုန်းမြင့်ပေါ်တွင် သပ်ရပ်လှပစွာ တည်ဆောက်ထားသည့် နှစ်ထပ်သင်တန်းကျောင်း ခန်းမကြီးကို တွေ့ရသည်။ ကျောင်းခန်းမကြီး၏ ဝဲဘက်တွင် သင်တန်းသူများ အိပ်ဆောင်နှင့် စားရိပ်သာ၊ လက်ယာဘက်တွင် အုပ်ချုပ်ရေးရုံးခန်းတို့ သီးသန့် ခွဲခြားတည်ဆောက်ထားသည်။ သင်တန်းကျောင်း၏ ဘေးနှစ်ဖက်နှင့် အနောက်ဘက် သင်တန်းကျောင်းဝင်းအတွင်း သင်တန်းသူများ စိုက်ပျိုးထားသော လက်ဖက်ပင်၊ ထောပတ်ပင်၊ ပိန္နဲပင်၊ တညင်းပင်၊ သံပရာပင်များ စိုက်ပျိုးထားသည်။ ပန်းအလှပင်များအဖြစ် နှင်းဆီပန်း၊ စက္ကူပန်း၊ ခါတော်မီ ပွင့်တူရွက်တူပန်းတို့ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

ရည်ရွယ်ချက်

တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်နှင့် တွေ့ဆုံ၍ စတင်တည်ထောင်ခြင်းနှင့် ရည်ရွယ်ချက်ကို မေးမြန်းရာ “ဒီသင်တန်းကျောင်းဟာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနရဲ့ အစီအစဉ်နဲ့ ဖွင့်လှစ်ထားတဲ့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဖြစ်ပါတယ်။ ဒီသင်တန်းကျောင်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ရည်ရွယ်ချက်(၅)ခုနဲ့ ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ ပထမရည်ရွယ်ချက်က နယ်စပ်ဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသူလေးများကို အိမ်တွင်းမှု လုပ်ငန်းပညာရပ်များ သင်ကြားပေးပြီး သင်ကြားတတ်မြောက်တဲ့ ပညာရပ်နဲ့ ကိုယ်ပိုင်စီးပွားရေး ထူထောင်လုပ်ကိုင်နိုင်ရန်၊ ဒုတိယက ကိုယ်ပိုင်စီးပွားရေးလုပ်ပြီး စားဝတ်နေရေးအဆင်ပြေ၍ လူနေမှု အဆင့်အတန်း မြင့်မားလာစေရန်၊ တတိယက အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းပြီး စာရိတ္တကောင်းမွန်တဲ့ အမျိုးသမီးများ ဖြစ်လာစေရန်၊ စတုတ္ထက တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးများ ဖြစ်လာစေရန်နှင့် ပဉ္စမအချက်က ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကား ပြန့်ပွားလာစေရန်တို့ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

“သင်ကြားတတ်မြောက်တဲ့ ပညာနဲ့ ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်ဖို့ အဓိကဖြစ်ပါတယ်”
ဒေါ်ခင်မိုးမြင့်
ကျောင်းအုပ်ဆရာမကြီး။

အဆင့်မြင့် စက်ချုပ်သင်တန်း တက်ရောက်နေကြသည့် တိုင်းရင်းသူ အမျိုးသမီးများ။
(မြန်မာ့အလင်း)

သင်ကြားဆဲ

အိမ်တွင်းမှု သင်တန်းများအကြောင်းကို ဆက်လက်ရှင်းပြရာတွင် “၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ ဖွင့်လှစ်ပြီး သင်တန်းပေါင်း (၁၈)ကြိမ်ရှိသွားပြီဖြစ်ကြောင်း၊ ယခု ၂၀၀၉-၂၀၁၀ ခုနှစ်တွင် သင်တန်း (၁၉)ကြိမ်မြောက် သင်ကြားနေဆဲဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်ကြိမ်လျှင် ရက်သတ္တ ၁၄ပတ် ကြာမြင့်ပြီး သင်တန်းအမှတ်စဉ်(၁)တွင် သင်တန်းသူ ၂၀သာ ရှိသော်လည်း သင်တန်းအမှတ်စဉ် (၁၄)တွင် သင်တန်းသူ ၈၅ဦးရှိကြောင်း၊ ယခုသင်ကြားနေဆဲ သင်တန်းအမှတ်(၁၉)တွင် သင်တန်းသူ ၄၈ဦးရှိပါကြောင်း”ဖြင့် ပြောပြသည်။

သင်တန်းချိန်

အိမ်တွင်းမှုသင်တန်း ခုနစ်မျိုးရှိပြီး အခြေခံစက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာ ကျောက်စီ ပန်းချီသင်တန်းနှင့် မုန့်ပြုလုပ်နည်းသင်တန်းတို့ ဖြစ်သည်။ သင်တန်းချိန်မှာ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ သင်ကြားပေးခြင်းဖြစ်သည်။ ကျောင်းအုပ်တစ်ဦး၊ ဒုတိယကျောင်းအုပ်တစ်ဦးနှင့် သင်တန်းနည်းပြဆရာမ ခြောက်ဦးတို့ဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ပိုမိုများပြား

ချင်းပြည်နယ် မင်းတပ်မြို့ဖြစ်၍ မင်းတပ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်သင်ကြားကြခြင်းဖြစ်ပြီး ချင်းအမျိုးသမီးသင်တန်းသူများက အများစုဖြစ်ကြောင်း သိရသည်။ မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်ကျောင်းအနေဖြင့် သင်တန်း (၁၈)ကြိမ် ပြီးမြောက်ပြီးဖြစ်ရာ အခြေခံစက်ချုပ်သင်တန်းမှ ၅၁၉ဦး၊ သိုးမွေးစက်ဆွဲသင်တန်းမှ ၁၀၈ဦး၊ ကနုကမာ ကျောက်စီ ပန်းချီသင်တန်းမှ ၅၁ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းမှ ၁၀၈ဦး၊ အခြေခံ ရက်ကန်းသင်တန်းမှ ၂၂ဦးနှင့် ကြိမ်၊ ဝါး သင်တန်းသူသုံးဦး စုစုပေါင်း သင်တန်းသူ ၈၄၅ဦးတို့ တတ်မြောက်အောင်မြင် သင်တန်းဆင်းပြီးဖြစ်သည်ဟု သိရသည်။ သင်တန်းကာလအတွင်း အဆောင်နေ သင်တန်းသူများအတွက် နေ့စဉ် စားစရိတ်နှင့် အသွားအပြန်ခရီးစရိတ်များ ထောက်ပံ့ပေးသည့်အပြင် သင်တန်းတွင် သုံးစွဲသည့် ပိတ်များ၊ သိုးမွေးများနှင့် သင်တန်းနှင့်သက်ဆိုင်သည့် ပစ္စည်းများကို အခမဲ့ ထောက်ပံ့ပေးသည်ဟု သိရသည်။ ယခုအခါ သင်တန်းဆင်းပြီးသူများမှာ ဂန့်ဂေါ၊ ဆော၊ ကျောက်ထု မြို့နယ်များတွင် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်နိုင်နေပေပြီ။

ချင်းပြည်နယ် မင်းတပ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆောက်အအုံ။
(မြန်မာ့အလင်း)

လသည် လူသားတို့ကို အေးမြစေပြီး အလင်းရောင်ကို ပေးစွမ်းသည်။ ထို့အတူ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ပြည်ထောင်စုတစ်ဝန်း ဖွင့်လှစ်ပေးထားသည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသည် တိုင်းရင်းသူ အမျိုးသမီးအချင်းချင်း၊ စည်းလုံးညီညွတ်စွာနေထိုင်မှု၊ တစ်ဦးအပေါ်တစ်ဦး ဂါရဝတရားထားရှိမှု၊ လေးစားချစ်ခင်မှု၊ ယုံကြည်ကိုးကွယ်ရာ ဘာသာတရား ကိုင်းရှိုင်းမှု၊ ကိုယ်ကျင့်တရားကောင်းမွန်စေရေးနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ပေါ်ထွက်လာမှုအတွက် အခြေခံကာ အလင်းရောင်ပေးပြီး အေးမြစေသည်ဖြစ်ရာ မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို “တောင်ဇလပ်မြေမှာ သာတဲ့လ”ဟု တင်စားခေါ်ဆိုလိုက်ချင်ပါတော့သည်။ ။

(မြန်မာ့အလင်း)

သင်တန်းမစမီ သင်တန်းအဓိဋ္ဌာန်ကို ဤသို့ ရွတ်ဆိုကြရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၃

ဆားလင်းကြီး၌ အနာကြီးရောဂါကင်းဝေးရေး ဟောပြော

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးမှ ကြီးမှူး၍ အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၁နာရီက ဆားလင်းကြီးမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်စန်းစန်းဦးက အနာကြီးရောဂါကင်းဝေးရေး အကြောင်း ဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့တွင်း လမ်းပေါက်များဖာထေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဇော်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးညီညီထွန်းတို့ ဦးဆောင်၍ မိုးကောင်းမြို့တွင်း ကတ္တရာလမ်းများပေါ်မှ အပေါက်များ၊ ချိုင့်ခွက်များ ဖာထေးပြုပြင်လျက်ရှိရာ ဖေဖော်ဝါရီ ၇ရက်က လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။ (၀၀၁)

နမ္မတူ၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တာဝန်ခံ ဦးလှညွှန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၆ ရက်က မြို့တော်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်ငွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

နွားထိုးကြီးမြို့နယ် သင်းတပေါ့မြောက်ကျောက်ရွာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူများပူးပေါင်း၍ တည်ဆောက်သော အင်အားသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပရာ တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၀၉၂)

ဆင်ဘို ညောင်ပင်သာရွာ၌ DTH စလောင်းလှူဒါန်း

ဆင်ဘိုမြို့ ညောင်ပင်သာကျေးရွာ၌ DTH စလောင်း ပေးအပ်လှူဒါန်းပွဲကို ညောင်ပင်သာကျေးရွာ အမကမူလွန်ကျောင်း၌ ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးညွှန့်က DTH စလောင်းကို ညောင်ပင်သာ ကျေးရွာဥက္ကဋ္ဌ ဦးဖြိုးအောင်ထံ ပေးအပ်လှူဒါန်းသည်။ (မြို့နယ် ပြန်/ဆက်)

ဒီမောဆို၌ တုပ်ကွေးရောဂါ ပညာပေးဟောပြော

ကယားပြည်နယ် ဒီမောဆိုမြို့ ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်း ဟောပြောပွဲကျင်းပရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းက အမှာစကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ရှာင် မြို့တွင်းလမ်း ကတ္တရာရေပိတ်လွှာလောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ် မြို့တွင်းလမ်း ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၁ရက်က ခရိုင်အင်ဂျင်နီယာမှူး ဦးဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးညိုဦးသန်းက ရှင်းလင်းတင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ပညာပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ကျောက်ပန်းတောင်းမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက်က မန္တလေး-မိတ္ထီလာလမ်းမပေါ်တွင် မောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်းများ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေးအတွက် ရှောင်တခင် စစ်ဆေးပညာပေး အရေးယူဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ကြွပ်ကြွပ်အိတ်အသုံးမပြုရေး မိုင်းရယ်၌ ဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် မြို့နယ်အဆင့် ကြွပ်ကြွပ်အိတ်အသုံးမပြုရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီက မိုင်းရယ်ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းသန်းဆွေက ပညာပေး ဟောပြောသည်။ (ပြည်နယ် ပြန်/ဆက်)

မီးသုံးခွဲလျှင် သတိယှဉ်
အစဉ်သတိ အမြဲရှိ

4-3 (06).pmd 1 3/4/2010, 2:14 AM

❒ ရှေ့ဖုံးမှ

မြန်မာလူမျိုးတို့၏ လက်ဖက်စားသုံးမှုမှာ ရှေးပဝေသဏီကပင် ဖြစ်သည်။ လက်ဖက်ပင်မှ ထွက်ရှိသော လက်ဖက်ရွက် တစ်မျိုးတည်းမှ လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် လက်ဖက်အချိုခြောက်ဟူ၍ သုံးမျိုးသုံးစား ပြုလုပ်စားသုံးနိုင်သည်။

စားသုံးနိုင်

လက်ဖက်ခြောက်နှင့် လက်ဖက်အချိုခြောက်ကို အပင်မှ ခူးလာပြီး

မဲပေါက်ကျေးရွာအုပ်စု၏ လက်ဖက်ပျိုးဥယျာဉ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်ပင်များကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

ချက်ချင်း လက်ဖက်ခြောက် ပြုလုပ်နိုင်သော်လည်း လက်ဖက်စိုကိုမူ လနှင့်ချီ၍ မြေကျင်းကြီးများအတွင်း သိပ်ထားပြီးမှ စားသုံးနိုင်သည်။ မြန်မာနိုင်ငံတွင် လက်ဖက်စားသုံးသည့် အလေ့အထ တစ်နေ့တခြား ကျယ်ပြန့်လာသည်နှင့်အမျှ ဈေးကွက် လိုအပ်ချက်မှာလည်း ကြီးထွားလာသည်။ ထိုဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အရည်အသွေးကောင်းမွန်ပြီး အနံ့အရသာရှိသော လက်ဖက်များ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်သွားရန်မှာလည်း လိုအပ်ပေသည်။

ရည်ရွယ်

ထို့ကြောင့်ပင် နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသများကို နေပြည်တော်၏ လက်ဖက်အဓိက စိုက်ပျိုးထုတ်လုပ်ရာ ဒေသတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပြီး လက်ဖက်စိုက်ခင်းများ ယမန်နှစ်ကစ၍ ထူထောင် စိုက်ပျိုးနေပေပြီ။

လက်ဖက်ခင်းမှ ခူးလာသော လက်ဖက်ညွန့်များကို လက်ဖက်ခြောက် မပြုလုပ်မီ ဤသို့ ဗန်းဖြင့် ဖြန့်ခင်းထားရသည်။
(မြန်မာ့အလင်း)

သတင်းခရီးသည်များသည် ထိုလက်ဖက်စိုက်ပျိုးမှုနှင့် စပ်လျဉ်းပြီး နေပြည်တော်ခရိုင် စိုက်ပျိုးရေး မန်နေဂျာရုံးမှ တောင်ပေါ်ဒေသ လက်ဖက်စိုက်ပျိုးရေးတာဝန်ခံ ဦးအောင်ကြည်စိန်အား သွားရောက်မေးမြန်းခဲ့သည်။

"ကျွန်တော်တို့ နေပြည်တော် ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသတွေမှာ အများအားဖြင့် စိုက်ပျိုးတဲ့ သီးနှံတွေကတော့ ဖာလာ၊ တညင်းနဲ့ ကွမ်းစိုက်ကြပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်ကစပြီး နိုင်ငံတော် အကြီးအကဲက ဒီတောင်ပေါ်ဒေသကို ချင်းပြည်နယ်လိုပဲ နေပြည်တော်ရဲ့ လက်ဖက်စိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်လာစေဖို့ လမ်းညွှန်ခဲ့လို့ လက်ဖက်ကို စစိုက်နေပါပြီ။ ပြီးခဲ့တဲ့နှစ်က ဧက ၂၀၀ စိုက်ပါတယ်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ဒီတောင်ပေါ်ဒေသမှာ နှစ်စဉ် ဧက၇၀၀နှုန်းနဲ့ လက်ဖက်စိုက်ဧက ၃၀၀၀အထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တောင်ပေါ်ဒေသ

နေပြည်တော် ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသ ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိပြီး ကျေးရွာပေါင်း ၅၈ရွာရှိကြောင်း၊ ယင်းတောင်ပေါ်ဒေသ၌ အများအားဖြင့် တိုင်းရင်းသားများ နေထိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၀၉ခုနှစ်က ဤတောင်ပေါ်ဒေသ၌ လက်ဖက် စတင်စိုက်ပျိုးခဲ့ရာ မဲပေါက်ကျေးရွာအုပ်စု၌ ၄၃ဧက၊ ပြည်ထောင်ကိုးအုပ်စုတွင် ၁၂၉ဧက၊ ဘန့်ဘားအုပ်စု၌ ၁၆ဧက၊ ဘို့မအုပ်စု၌ ၁၀ဧက၊ သစ်တွန်အုပ်စု၌ နှစ်ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အုပ်စုအလိုက်

လာမည့် မိုးရာသီတွင် မဲပေါက်ကျေးရွာအုပ်စု၌ ၁၇၆ဧက၊ ပြည်ထောင်ကိုးကျေးရွာအုပ်စုတွင် ၉၈ဧက၊ ဘန့်ဘားကျေးရွာအုပ်စု၌ ၁၀၅ဧက၊ ဘို့မကျေးရွာအုပ်စုတွင် ၆၅ဧက၊ သစ်တွန်အုပ်စုတွင် ၁၄၅ဧက၊ ကိုးသစ်ကျေးရွာအုပ်စုတွင် ၆၄ဧကနှင့် အလယ်ချောင်းကျေးရွာအုပ်စုတွင် ၈၅ဧက စိုက်ပျိုးသွားရန် လျာထားပြီး ယခုအခါ လက်ဖက်ပျိုးပင်များ ကျေးရွာအုပ်စုအလိုက် ပျိုးထောင်ထားပြီးဖြစ်သည်။

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် အဆိုပါ လက်ဖက်စိုက်ပျိုးရာ တောင်ပေါ်ဒေသသို့ လက်ဖက်စိုက်ပျိုးထားမှုများ လေ့လာနိုင်ရန် သွားရောက်လေ့လာခဲ့သည်။ သတင်းအဖွဲ့နှင့်အတူ ခရိုင်စိုက်ပျိုးရေး မန်နေဂျာရုံးမှ တောင်ပေါ်လက်ဖက်စိုက်ပျိုးရေး တာဝန်ခံ ဦးအောင်ကြည်စိန်၊ တောင်ပေါ်ဒေသ ရပ်မိရပ်ဖများဖြစ်သည့် ဦးစောပီတာနှင့် ဦးစိုးမြင့်နိုင်တို့လည်းအတူ လိုက်ပါလာခဲ့ကြသည်။

မဲပေါက်ကျေးရွာ

ဦးစွာ မဲပေါက်ကျေးရွာအုပ်စု လက်ဖက်ပျိုးဥယျာဉ်သို့ သွားရောက်လေ့လာခဲ့သည်။ မဲပေါက်ကျေးရွာသည် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းမှ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ရာ လမ်းဘေးရှိ တောင်ပေါ်ကျေးရွာတစ်ရွာ ဖြစ်သည်။ အိမ်ခြေမှာ ၄၇အိမ်သာရှိသည်။ သို့သော် အိမ်ကြီး အိမ်ကောင်းများသည်။ နေထိုင်သော တိုင်းရင်းသားများမှာ ကရင်တိုင်းရင်းသားများသာဖြစ်သည်။ ကျေးရွာအနီးတောင်ခြေ၌ အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်ပျိုးဥယျာဉ်နှင့် လှေကား

မြသီတာကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်းကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

ထစ်စိုက်ခင်းများဖြင့် နွေစပါး စိုက်ပျိုးထားသည်ကိုလည်း တွေ့ခဲ့ရသည်။ ဒေသခံတစ်ဦးဖြစ်သည့် ဦးမြအောင်၏ ပြောပြချက်အရ မဲပေါက်ကျေးရွာတွင် နွေစပါး ၁၅ဧကကို တောင်ကျရေ၊ စိမ့်စမ်းရေများဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။

ရောစိုက်ခဲ့

ထိုမှ ဆက်လက်၍ ထွက်ခွာခဲ့ကြရာ ပြည်ထောင်ကိုးကျေးရွာအုပ်စုသို့ ရောက်ရှိသည်။ ဤကျေးရွာအနီး တောင်ကုန်းများပေါ်၌ ယမန်နှစ်က ပဲစင်းငုံနှင့် ရောစိုက်ထားသော လက်ဖက်စိုက်ခင်းများကို တွေ့ရသည်။ ပဲစင်းငုံမှာ လက်ဖက်ပင်ကို အရိပ်ရစေရန်နှင့် အရွက်မှ မြေဆွေးရရှိစေရန်အတွက် ရည်ရွယ်ပြီး ရောစိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြသီတာကျေးရွာ

သတင်းအဖွဲ့သည် မြသီတာကျေးရွာသို့လည်း တစ်ထောက် ဝင်ရောက်ကာ လက်ဖက်စိုက်ပျိုးမှုကို လေ့လာကြသည်။

ဆိတ်ဖူးတောင် ကျေးရွာရှိ လက်ဖက်ပျိုးဥယျာဉ်ကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

မြသီတာကျေးရွာသည် ထူးခြားသည်။ လက်ဖက်ကို ယခုမှမဟုတ်ဘဲ ယခင်ကတည်းက စိုက်ပျိုးခဲ့သည်ကို တွေ့ရသည်။ ကျေးရွာနေ ပြည်သူများသည် တစ်ပိုင်တစ်နိုင် လက်ဖက်စိုက်ခင်းများ စိုက်ပျိုးထားကြသည်။ ထိုလက်ဖက်စိုက်ခင်းများမှ ယခုအခါ လက်ဖက်များ ခူးစားနေကြပြီဖြစ်သည်။ ဤဒေသ၌ လက်ဖက်စိုက်ပျိုးမှု အောင်မြင်နိုင်ကြောင်း မြသီတာကျေးရွာအနီး လက်ဖက်စိုက်ခင်းများက သက်သေပြနေသည်။ ဒေသနေ ပြည်သူများ လက်ဖက်စိုက်ခင်းကို တစ်နှစ်ထက်တစ်နှစ် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားရန်သာ လိုသည်။

ပြဒါးချောင်းကျေးရွာ

မြသီတာကျေးရွာမှတစ်ဆင့် ပြဒါးချောင်းကျေးရွာသို့ ရောက်ရှိသည်။ ပြဒါးချောင်းကျေးရွာသည် ပအိုဝ်းတိုင်းရင်းသားအများစုနေထိုင်ရာ ကျေးရွာဖြစ်သည်။ ဤကျေးရွာမှ လက်ဖက်တောင်သူ ဦးဌေးမြင့်နှင့် တွေ့ဆုံသည်။ ယခင်က လက်ဖက်စိုက်ဧက နှစ်ဧကရှိကြောင်း၊ ယင်းလက်ဖက်စိုက်ခင်းများမှ လက်ဖက်များ ခူးစားနေရပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က နှစ်ဧက ထပ်မံစိုက်ပျိုးထားကြောင်း ဦးဌေးမြင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ဝေသာလီကျေးရွာ

ပြဒါးချောင်း ကျေးရွာမှတစ်ဆင့် ဝေသာလီကျေးရွာသို့ ရောက်ခဲ့သည်။ ဝေသာလီကျေးရွာသည် တောင်ကုန်းကျောပေါ်၌ တည်ထားသော ရွာငယ်လေးမျှသာ ဖြစ်သည်။ ရွာ၏ ပတ်ဝန်းကျင်တွင် တောင်တန်းကြီးများဖြင့် သာယာလှပနေသည်။ ရွာက သေးငယ်သော်လည်း ဤကျေးရွာတွင် CDMA တယ်လီဖုန်းဖြင့် ဆက်သွယ်စကားပြောနိုင်ပြီ ဖြစ်သည်။ ဝေသာလီမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ ကိုးရွာသို့ရောက်ရှိသည်။ ကိုးရွာသည်လည်း အိမ်ခြေမများလှ။ ရွာ၏ အနီး၌ လာမည့် မိုးရာသီတွင် စိုက်ပျိုးမည့် လက်ဖက်ပျိုးဥယျာဉ်သို့ ဝင်ရောက်ကြည့်ခဲ့သေးသည်။ ထိုမှ ဆက်လက်၍ အောင်ဘိသိက်ရွာနှင့် ဆိတ်ဖူးတောင်ကျေးရွာများရှိ လက်ဖက်ပျိုးဥယျာဉ်များသို့လည်း ဝင်ရောက်စေ့ငုခဲ့သည်။

တိုးတက်ပြောင်းလဲ

သတင်းခရီးသည်တို့သည် နေပြည်တော် ပျဉ်းမနား အရှေ့ခြမ်းရှိ တောင်ပေါ်ကျေးရွာများသို့ အရောက်သွားရောက်ကာ လက်ဖက်စိုက်ပျိုးမှုနှင့် ဒေသဖွံ့ဖြိုး



"လက်ဖက်စိုက်ပျိုးခြင်းဖြင့် သားစဉ်မြေးဆက် အကျိုးခံစားနိုင်မှာပါ။"
ဦးဌေးမြင့်
လက်ဖက်တောင်သူ
ပြဒါးချောင်းကျေးရွာ။

တိုးတက်မှု အခြေအနေများ လေ့လာနိုင်ခဲ့ကြသည်။ နေပြည်တော် ပျဉ်းမနား လျှပ်စစ်လမ်းခွဲမှ စတင်ခဲ့သော လမ်းခရီးသည် ရေနီမြို့နယ် တောင်စဉ်အေး သကြားစက်အနီးတွင် လမ်းဆုံးသည်။ ဤလမ်းမကြီးသည် တောင်တန်းဒေသနေ ပြည်သူများအတွက် အဓိကအရေးပါသော လမ်းမကြီးဖြစ်သည်။ လမ်းမကြီးတစ်လျှောက် စက်ယန္တရားကြီးများ အသုံးပြုကာ လမ်းတိုးချဲ့နေသည်ကိုလည်း တွေ့ခဲ့ရသည်။ အချို့သောနေရာများတွင် အမာခံလမ်းဖြစ်နေပြီး အချို့နေရာများ၌ ကွန်ကရစ်များ ခင်းထားသည်ကိုလည်း တွေ့ရသည်။ ဤလမ်းမကြီးသည် စုစုပေါင်း မိုင် ၈၀ ကျော်ရှိကြောင်း သိရသည်။ လမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ပြီးပါက ဤတောင်တန်းဒေသမှာ ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်သည်။ အနာဂတ်တွင် လက်ဖက်စိုက်ပျိုးမှု တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ဒေသ၏ ကုန်ထုတ်လမ်းမကြီးအဖြစ်လည်း တိုးတက်ပြောင်းလဲလာပေတော့မည်။

"လက်ဖက်ပင်များကို ပြုပြင်ပေးခြင်းဖြင့် လက်ဖက်အထွက်နှုန်းကောင်းလာနိုင်ပါတယ်။"
ဦးအောင်ကြည်စိန်
တောင်ပေါ်ဒေသ
လက်ဖက်စိုက်ပျိုးရေးတာဝန်ခံ။

ရာသီဥတု

လက်ဖက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် ပြောင်းလဲလာခြင်းနှင့်အတူ ရွှေ့ပြောင်းတောင်ယာ စနစ်မှာလည်း ပပျောက်လာမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမှာလည်း တိုးတက်လာမည်ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာစနစ်သည် နှစ်စဉ်တောင်ယာခုတ်၊ တောမီးရှို့ခြင်းကြောင့် ဂေဟစနစ်များ ပျက်စီးလာပြီး ရာသီဥတု ဆိုးရွားမှုကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ ဤဒေသ၌ တောင်ယာအဟောင်းများနေရာတွင် လက်ဖက်စိုက်ပျိုးရေးကို အောင်မြင်အောင် လုပ်ကိုင်ကြခြင်းဖြင့် ရာသီဥတု တိုးတက်ကောင်းမွန်ကာ မိမိဒေသအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးရာရောက်ပေလိမ့်မည်။

သို့ဖြစ်ပါ၍ နေပြည်တော် ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသ၌ လက်ဖက်စိုက်ပျိုးမှု တိုးတက်အောင်မြင်ရေးအတွက် တောင်ပေါ်ဒေသနေ ပြည်သူများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် လက်ဖက်စိုက်ဧကများ တိုးချဲ့စိုက်ပျိုးပြီး ဖြစ်ထွန်းအောင်မြင်ကာ နေပြည်တော်၏ လက်ဖက်ထွက်ရှိရာ ဒေသအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာသည်အထိ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းလျက်ရှိပါကြောင်း သတင်းခရီး ကွင်းဆင်းစေ့ငု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ် ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အထူးဇုန်အတွင်းရှိ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီးရှိ ငမိုးရိပ် လျှပ်စစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြားပြီး ရေတင်ဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ငမိုးရိပ်ချောင်းကူးတံတား

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငမိုးရိပ်ချောင်းကူးတံတား တည်ဆောက်ရန်အတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နွေစပါးစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လှည်းကူးမြို့နယ်ရှိ လက်ပံ လျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး နွေစပါးစိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ ရဲမွန်(၁) လျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားကာ ပင်မမြောင်း တူးဖော်မည့် လမ်းအူကြောင်းကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်ဝါမြို့ ဇမ္ဗူငြိမ်းစေတီတော်၌ ကိန်းဝပ်စံပယ်တော်...
ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလ...
ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တ...

နေပြည်တော် မတ် ၃

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ပန်ဝါမြို့၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဇမ္ဗူငြိမ်း... တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအန... နံနက်ပိုင်းက အဆိုပါ ဇမ္ဗူငြိမ်းစေတီတော်ပရိဝုဏ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ... တက်ရောက်ကြည်ညိုပြီး ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်းရေချမ်းနှင့် အမွေ... ပူဇော်ကာ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို...

တက်ရောက်ကြည်ညို

အဆိုပါ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ ဝန်းသိုဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သီလဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိကြီးများ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ...

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ရွှေဘို-မြစ်ကြီးနားလမ်း လမ်းပိုင်းရှိ ဇော်ချောင်းသံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကသာမြို့တွင်းလမ်းများ ကောင်းမွန်မှုအခြေအနေနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကသာမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး (၁၆)ခုတင်ဆံ့ တိုးချဲ့ဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကသာခရိုင် ရုံးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကသာမြို့ စစ်မှုထမ်းဟောင်း တန်ဖိုးနည်းအိမ်ရာတည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ကသာ-အင်းတော် - နန့်စီးအောင်လမ်း၏ ကသာ-အင်းတော်လမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၄၃/၃)၌ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် အင်းတော်မြို့နယ် ရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေး အသင်းအဖွဲ့များအား တွေ့ဆုံသည်။

ကျောက်စုဆောင်းထားရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် အင်းတော်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းဘေးဝဲယာ၌ ကျောက်စုဆောင်းထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ မိုင်တိုင်အမှတ်(၁၃၈/၁)၌ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း မှာကြားသည်။

လမ်းပိုင်းအခြေအနေ

ရွှေဘို-မြစ်ကြီးနားလမ်း လမ်းပိုင်း အခြေအနေများနှင့် လမ်းတစ်လျှောက် လမ်းပြုပြင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၂၇/၃)၌ လုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၁၂၀/၃) ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မိုင်တိုင်အမှတ် (၁၁၄/၆) သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းပိုင်းအလိုက် ရေရှည်ခိုင်မာအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကျွန်းစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မိုင်တိုင်အမှတ်(၉၀/၁)၌ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၇၇/၄)၌ ဇော်ချောင်း သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၇၂/၆)ရှိ ဝဒုံဘေလီတံတားကိုလည်းကောင်း၊ ကန့်ဘလူ-ရွှေဘိုလမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ မိုင်တိုင်အမှတ်(၅၃)ရှိ ကန့်ဘလူမြို့နယ် လွဲဆိပ်ကြိုးဝိုင်း၌ ကျွန်းစိုက်ခင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်း လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ မိုးဆက်ရွာဖွယ်

နေပြည်တော် မတ် ၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ဝဒသမ ၆၃လက်မနှင့် ပူတာအိုမြို့တွင် ဝဒသမ ၄၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မတ် ၄ ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တိရစ္ဆာန်တုပ်ကွေးရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် မတ် ၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အစီအစဉ်အရ " တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် တုပ်ကွေးရောဂါ စူးစမ်းထောက်လှမ်းရေး လုပ်ငန်းစီမံချက် ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Animal Influenza Surveillance Planning Workshop, Lower Myanmar) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားသည်။ (အောက်ပုံ)

စားပွဲဝိုင်းဆွေးနွေး

ထို့နောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အစီအစဉ်မှ အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် (Chief Technical Advisor) Dr. Murray Maclean၊ ရောဂါပျံ့နှံ့မှုလေ့လာရေးပညာရှင် Dr. Thanawat Tiensin၊ FAO အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr. Kachen Wongsathapornchai နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာရှင်များက ပြည်နယ်နှင့် တိုင်း ၁၁ခုရှိ မြို့နယ် ၅၄ခုတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ ဘဲများ၌ သွေးရည်ကြည် စူးစမ်းလေ့လာခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ဓာတ်ခွဲခန်း စစ်ဆေးတွေ့ရှိချက်များ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝက်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများနှင့် စပ်လျဉ်း၍ ရောဂါစူးစမ်းထောက်လှမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ ကျေးလက်တိရစ္ဆာန် ကျန်းမာရေး လုပ်သားများအဖြစ် လေ့ကျင့်ပေးမည့် အစီအမံနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး စားပွဲဝိုင်း ဆွေးနွေးခြင်းတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို မြန်မာနိုင်ငံအောက်ပိုင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ် ဦးစီးဌာနမှူးများ၊ ဓာတ်ခွဲခန်း တာဝန်ခံများ စုစုပေါင်း ၇၈ဦးတို့ တက်ရောက်ကြပြီး မတ် ၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ အထက်ပိုင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် အလားတူ အလုပ်ရုံဆွေးနွေးပွဲကို မတ်လ ဒုတိယပတ်တွင် မန္တလေးမြို့၌ ထပ်မံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...ို့ ဇမ္ဗူငြိမ်းစေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် ...ားအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားသို့ ...ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တက်ရောက်ကြည်ညို

နေပြည်တော် မတ် ၃

...းနားခရိုင် ပန်ဝါမြို့၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဇမ္ဗူငြိမ်းစေတီတော်၌ ကိန်းဝပ်စံပယ် ...ာ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် ...မ်းစေတီတော်ပရိဝုဏ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ...ဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်းရေချမ်းနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ကပ်လှူ ...ဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

...ညီ

...ာ အနေ ...သို့ ဝန်းသို ...ဂုရု ဘဒ္ဒန္တ ...ရာတော်၊ ...တော်မူကြ ...မ်းသာယာ ...ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိကြီးများ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့် ဒေသခံ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များ၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

အနေကဇာတင်

ထို့နောက် ဝန်းသိုဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက စေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

သီလခံယူ

ယင်းနောက် ဝန်းသိုဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသည့် မင်္ဂလသုတ်အစရှိသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများနှင့် ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးစခုန်တိန့်ယိန်းတို့က ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဝန်းသိုဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြ ကာ “ဗုဒ္ဓသာသနံစိရံတိဋ္ဌတု” သုံးကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

...ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ရွှေဘို- ...ဇော်ချောင်းသံကူကွန်ကရစ်တံတား တည်ဆောက် ...ဉ်။ (သတင်းစဉ်)

...မှာကြား ...ပ်ချုပ်ကြီး ...ပ်မြို့နယ် ...တာဝန်ရှိ ...လူမှုရေး ...ဆုံသည်။

...း ရှိ

...ပ်ချုပ်ကြီး ...့ ဖွံ့ဖြိုး ...င့် လမ်း ...င်ရွက်ရန် ...ဆောင်း ...မော်တော် ...မိုင်တိုင် ...ဆောင်ရွက် ...ားသည်။

...န်

...လမ်းပိုင်း ...လျှောက် ...ကိုလည်း ...၂၇/၃)၌ ...ကိုလည်း ...နေမှုများကို ...းကောင်း ...င်အမှတ် ...ဆောင်၌ ...လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိုင်တိုင်အမှတ် (၁၁၄/၆) သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းပိုင်း အလိုက် ရေရှည်ခိုင်မာအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကွင်းစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိုင်တိုင်အမှတ်(၉၀/၁)၌ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၇၇/၄)၌ ဇော်ချောင်း သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၇၂/၆)ရှိ ဝဒုံဘေလီ တံတားကိုလည်းကောင်း၊ ကန့်ဘလူ-ရွှေဘိုလမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ မိုင်တိုင်အမှတ်(၅၃)ရှိ ကန့်ဘလူ မြို့နယ် လွဲဆိပ်ကြီးဖိုင်း၌ ကျွန်းစိုက်ခင်း ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်း လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

■ ကျော်ဖုံးမှ

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်ရေးပြတပ်ရေးဦးဆောင်သော ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များက စစ်ရေးပြကွင်းအတွင်း၌ နေရာယူကြပြီး စစ်ရေးပြမှူးထံ စစ်ရေးပြ တပ်ရေးက တန်းအပ်သည်။

နိုင်ငံတော်အလံအား အလေးပြု

ထို့နောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှထွေးဝင်းသည် အလေးပြုခံစင်မြင့်၌ နေရာယူပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များ၏ အလေးပြုခြင်းကို ခံယူကာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုသည်။

ဆက်လက်၍ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များမှ စစ်သည်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှထွေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်သည် ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များမှ စစ်သည်များ၏ အလေးပြုခြင်းကိုခံယူပြီး အလေးပြုခံစင်မြင့်မှ ပြန်လည်ထွက်ခွာသွားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက သရုပ်ပြဖျော်ဖြေကြပြီး တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှထွေးဝင်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို မတ် ၄ရက်မှ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့ပေါင်း ၄၃ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

လှိုင်မြစ်ကမ်းပေါ်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ၏ ရှေ့ဆိပ်ခံဖောတံတားနှစ်ခု တည်ဆောက်လျက်ရှိ ရေယာဉ်များသတိထားခုတ်မောင်းရန် နှိုးဆော်ထား

ရန်ကုန် မတ် ၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းအမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)၏ရှေ့တွင် ဆိပ်ခံဖောတံတားနှစ်ခု တည်ဆောက်လျက်ရှိပြီး အဆိုပါ ဆိပ်ခံဖောတံတားနှစ်ခုသည် လှိုင်မြစ်၏ အရှေ့ဘက်ကမ်းမှ လှိုင်မြစ်အတွင်းသို့ ၁၄၈ပေခန့်အထိ ရောက်ရှိနေသည်။

ထုတ်ပြန်ထား

ရေယာဉ်များအနေဖြင့် အဆိုပါ ရေလမ်း၌ ဖြတ်သန်းမောင်းနှင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အနောက်ဘက်ကမ်းမှ ကပ်လျက် သတိထား ခုတ်မောင်းသွားလာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့ ဖေဖော်ဝါရီလအတွင်း NLD ဌာနချုပ်သို့ (၂၇)ကြိမ် ဝင်ရောက်ခဲ့

ရန်ကုန် မတ် ၃

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန် သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူ လူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွင်း (၂၇)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များ နှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိန်းခင်း ၁၃၃၉၀ ဒသမ ၀၉ဧကေ ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် မတ် ၃

၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်အထိ ပြည်နယ်၊ တိုင်းအလိုက် ဘိန်းခင်း ၁၃၁၃၉ ဒသမ ၀၉ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဖျက်ဆီးနိုင်ခဲ့

ဖေဖော်ဝါရီ ၂၁ရက်မှ ၂၇ရက်အတွင်း ပြည်နယ်၊ တိုင်းများမှ ဘိန်းခင်း ၂၅၁ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းဘိန်းခင်း ဖျက်ဆီးနိုင်မှုမှာ ၁၃၃၉၀ ဒသမ ၀၉ဧကဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ၂၅၁ဧကအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း၊ မိုးမိတ်၊ ကွတ်ခိုင်၊ နမ့်ခမ်းနှင့် မန်တုံမြို့နယ်အတွင်း ၅၆ ဒသမ ၈ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်အတွင်း ၁၁၄ ဒသမ ၇ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းနှင့် မိုင်းတုံမြို့နယ်အတွင်း ၇၉ ဒသမ ၅ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေး သုတမှတ်စု

ငါးစားမှ ကျန်းမာမည်

ရေးသူ- ဆုလာဘ်သူ (သတင်းအတတ်ပညာ)

ဆရာဝန်များက အသားထက် ငါးကို ပိုမိုစားသောက်ရန် တိုက်တွန်းနှိုးဆော်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပေပြီ။ ဆေးဘက်ဆိုင်ရာ သုတေသန ပညာရှင်များက ငါးကို နှစ်သက်စွဲလမ်းရခြင်းအကြောင်းရင်းမှာ ငါးသည် ခက်ခဲသော ကျန်းမာရေးဆိုင်ရာ ပြဿနာများကို တွန်းလှန်တိုက်ဖျက်နိုင်သည့် စွမ်းရည်ကြောင့်ပင်ဖြစ်သည်။ သင့်အနေဖြင့် ငါးကိုသင့်တင့်စွာ စားသုံးမည်ဆိုပါလျှင် နှလုံးခုန်ရပ်ခြင်းကြောင့် အသက်ဆုံးရှုံးမှုအန္တရာယ်မှ ကင်းဝေးနိုင်သည်။ ကမ္ဘာတစ်ဝန်း လေ့လာတွေ့ရှိချက်ပေါင်း ၃၀ကျော်အရ ငါးကိုအနည်းဆုံး တစ်ပတ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် စားသုံးသော လူတစ်ဦးသည် ရုတ်တရက် နှလုံးခုန်ရပ်ခြင်းမှ ၃၆ရာခိုင်နှုန်း လျော့ကျစေနိုင်သည်ကို တွေ့ရသည်။

ငါးကြီးဆီ

ငါးကြီးဆီတွင်လည်း ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော အကျိုးကျေးဇူးများ ပါဝင်သည်။ ယင်းတွင် သဘာဝအလျောက် Omega 3 fatty acid ပါဝင်လျက်ရှိသောကြောင့် နှလုံးရောဂါကို ကာကွယ်တားဆီးရန် အထောက်အကူပြုသည်။ ငါးကြီးဆီသည် နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေခြင်း၊ နှလုံးသွေးလွှတ်ကြောတွင် အဆီပိတ်ခြင်းကို လျော့ကျစေပြီး သွေးလွှတ်ကြောများအတွင်း အပူချိန်မငြိမ်မသက်ဖြစ်ခြင်းကို ထိန်းညှိပေးခြင်းသာမက သင့်တင့်မျှတသော သွေးဖိအားကို ရရှိစေရန်လည်း လုပ်ဆောင်ပေးနိုင်သည်။

အာရုံကြော

ပင်လယ်စာများသည် သင်၏နှလုံးကိုသာမက ဦးနှောက်နှင့် အာရုံကြောကို ပါ အကျိုးပြုသည်။ တချို့သော စမ်းသပ်ချက်များတွင် ငါးကို နှစ်ခြိုက်စွာ စားသုံးသောသူများတွင် လေဖြတ်ခြင်းသည် ရာခိုင်နှုန်း ၄၀လျော့ကျသွားသည်ဟု ဖော်ပြသည်။

ယခုနောက်ပိုင်းကာလတွင် ငါးစားသုံးမှု ပိုမိုများပြားလာသည်နှင့်အမျှ အရွယ်မတိုင်မီ မှတ်ဉာဏ်ကစဉ့်ကလျားဖြစ်သော(သူငယ်ပြန်ခြင်း) dementia ဖြစ်ပွားခြင်းမှာ သိသိသာသာ လျော့နည်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရသည်။

စိတ်ကျရောဂါ

ငါးကြီးဆီကို ပုံမှန်စားသုံးပေးပါက စိတ်ကျရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်သည်။ ထိုသို့ တားဆီးပေးခြင်းမှာ ငါးကြီးဆီတွင်ပါဝင်သော Omega 3 fatty acid သည် ဦးနှောက်အတွင်းရှိ လူကို လေးလံထိုင်းမှိုင်းစေသည့် ဓာတ်ပစ္စည်းနှစ်မျိုးဖြစ်သည့် serotonin နှင့် clopamin ဟော်မုန်းတို့ကို တိုးမြှင့်မြင့်တက်စေပြီး စိတ်ကျခြင်းကို ထိန်းညှိပေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်းတွင် ငါးနှင့်ပတ်သက်သော အကျိုးသက်ရောက်မှုများကို လေ့လာနေသည့် ဒေါက်တာ Joseph Hibbeln က ထုတ်ဖော် ပြောကြားထားသည်။

Omega 3 များသည် ဦးနှောက်အတွင်းရှိ လူကိုစိတ်ရှုပ်ထွေးစေပြီး စိတ်ဖိစီးမှု ဖြစ်ပေါ်စေသည့် ဓာတ်များကို လျော့ကျစေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၁၀

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓေဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကျင့်သိဝိပဿနာ** တရားတော် (ဆရာတော် ဘဒ္ဒန္တကဉ္စနသာရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် [မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဗီဒီယို အခြေခံအဖွဲ့ မျက်နှာစုံညီ နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉-၂၀၁၀)]
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၉)
- ၈:၃၀ Sports World (Trial)
- ၈:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟုတ်နေတာပဲ**
- ၉:၂၅ Style ရှိမှ Star ဖြစ်မယ်
- ၁၀:၂၀ အကြားအာရုံ၏ အားကိုးရာ
- ၁၀:၄၅ အမြဲလုံခြုံစိတ်ချစေမှာ ဂျက်စီကာ
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန် (မြေပဒေသာကျွန်းမှ ပန်းပင်များ)
- ၁၁:၂၀ Activities in the City
  - ပညာဓိကဝိဟာရကျောင်းဆောင်သစ် အလှူတော်မင်္ဂလာ
  - ရှစ်မျက်နှာရွှေရင်အေးစေတီတော် ရွှေထီးတော်တင်မင်္ဂလာ
- ၁၁:၅၀ ဂီတသရုပ်ပြခန်း (ချမ်းချမ်း-မျက်စိမှိတ်အပ်နှံသည်)
- ၁၂:၁၅ Antioxident နှင့် ပတ်သက်သော အကျိုးအပြစ်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာ အေးအေးသော်)
- ၁၂:၅၀ သဘာဝကပေးသော လက်ဆောင်များ
- ၁:၀၀ **ကျင့်သိဝိပဿနာ** တရားတော် (ဆရာတော် ဘဒ္ဒန္တကဉ္စနသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Romantic ကမ်းခြေ)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၉)
- ၄:၀၀ အမြဲလုံခြုံစိတ်ချစေမှာ ဂျက်စီကာ
- ၄:၁၀ အကြားအာရုံ၏ အားကိုးရာ
- ၄:၃၅ ရန်ကုန်မြင်ကွင်းကျယ် [မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဗီဒီယို အခြေခံအဖွဲ့မျက်နှာစုံညီ နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉-၂၀၁၀)]
- ၄:၅၅ Antioxident နှင့် ပတ်သက်သော အကျိုးအပြစ်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာ အေးအေးသော်)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘိုဘိုနှင့်တွေ့ဆုံခြင်း)
- ၆:၄၀ အနုပညာမိုးကောင်းကင်
- ၇:၀၅ Fashion Music Festival (Romantic ကမ်းခြေ)
- ၇:၃၅ ၁၉၇၃-၇၈ဉပဒေတွဲ့ရ ကျောင်းသူ ကျောင်းသားဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ
- ၇:၄၅ စိမ်းသည့်မြေ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၉)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟုတ်နေတာပဲ**
- ၁၀:၂၅ ဂီတသရုပ်ပြခန်း (ချမ်းချမ်း-မျက်စိမှိတ်အပ်နှံသည်)
- ၁၀:၅၀ ဈေးဝယ်လမ်းညွှန် (မြေပဒေသာကျွန်းမှ ပန်းပင်များ)
- ၁၁:၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘိုဘိုနှင့်တွေ့ဆုံခြင်း)
- ၁၁:၂၅ အနုပညာမိုးကောင်းကင်
- ၁၁:၅၀ ယွန်းဆိုသည်မှာ.... (အပိုင်း-၁)
- ၁၂:၀၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လျှောင်အိမ်နှင့် ငါးမွေးခြင်း)
- ၁၂:၁၅ ဆွာချောင်းရေလှောင်တမံ
- ၁၂:၂၅ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြို့ပြကျန်းမာရေး အလေးပေး

ဒေါက်တာခင်မောင်လွင်

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်ကို ""မြို့ပြလူမှုဘဝမြင့်မားရေး၊ ကျန်းမာရေးကို မြှင့်တင်ပေး""ဟု သတ်မှတ်ထားသည်။ ဤဆောင်ပုဒ်၏ မြစ်ဖျားခံရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ""1000 cities, 1000 lives; Urban Health Matters""ကို ဆီလျော်အောင် ဆောင်ပုဒ်ပြုထားခြင်း ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မြို့ပေါင်းတစ်ထောင်တွင် ကျန်းမာရေးမြှင့်တင်မှုကို ဆောင်ရွက်သွားရန် စည်းရုံးနေကြသည်။ ထိုအထဲမှ မြို့ပြလူထု၏ ကျန်းမာရေးမြင့်တက်မှုကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်ပေါင်း တစ်ထောင်ကို ရှာဖွေရန် ကြံဆနေကြသည်။ လုပ်ငန်းတစ်ခု၏ လုပ်မည့်ကျောရိုးမှာ Urban Health Matters ဖြစ်သည်။ မြို့ပြ၏အနှစ်သာရမှာ ကျန်းမာရေးပင် ဖြစ်ကြောင်း ထင်ရှားစေလိုခြင်း ဖြစ်သည်။ ထို့ကြောင့် မြို့ပြလူမှုဘဝကို မြင့်မားတိုးတက်စေလိုသော ရည်ရွယ်ချက်ရှိသူတိုင်း ကျန်းမာရေးကို အဓိကထား စဉ်းစားရမည်ဖြစ်သည်။

ကျန်းမာရေး၏ နယ်ပယ်မှာ ကျယ်ပြောလှသည်။ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခသာမက အများကောင်းကျိုးလိုရာဆန္ဒကို ပေါင်းစုနိုင်မှသာ ကျန်းမာရေးဟု ပညာရှင်များက တိုးချဲ့အဓိပ္ပာယ် ဖွင့်ဆိုလာကြသည်။ ဆေးကုသခြင်းကိုသာ ကျန်းမာရေးအလုပ်ဟု ယူဆခဲ့သောခေတ်မှ ကာကွယ်ခြင်းသည် ကုသခြင်း(Treatment)ထက် ကောင်းသည်ဟူသော ခေတ်ကိုပြောင်းလဲလာခဲ့သည်။ ကာကွယ်ခြင်း(Prevention)၊ ကုသခြင်းအပြင် (Treatment) ခံစားရသော ဝေဒနာများမှ စိတ်ရောကိုယ်ပါ ပြန်လည်ကျန်းမာလာအောင် ပြန်လည်ထူထောင်ရေး(Rehabilitation)လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ကျန်းမာရေးလောကမှ အတွေ့အကြုံအရ အရင်းခံအကျဆုံးမှာ ကျန်းမာရေးမြှင့်တင်ခြင်း(Health Promotion)သာဖြစ်ကြောင်း သိရှိလာကြသည်။ မိမိကိုယ်တိုင် ကျန်းမာရေးအဆင့်မြင့်လာဖို့ ကိုယ်တိုင်ဆောင်ရွက်ရမည့်လုပ်ငန်းများရှိသလို မိသားစုနှင့် လူ့အသိုင်းအဝိုင်းက ပူးပေါင်းဆောင်ရွက်ကြဖို့ မဖြစ်မနေ လိုအပ်လျက်ရှိသည်။

ကျန်းမာရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်မှာလည်း အပြောကျယ်လှသည်။ ဤသို့ ကျယ်ပြောလှသဖြင့် လူတိုင်း၏ ကိုယ်စီတာဝန်၊ ဌာနအဖွဲ့အစည်းအားလုံး၏ ပူးပေါင်းဆောင်ရွက်ကြရမည့် တာဝန်အသီးသီးရှိနေသဖြင့် (All for Health) ကျန်းမာရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြပါလို့ တိုက်တွန်းလျက်ရှိသည်။ မြို့ပြဒေသ၏ ကျန်းမာရေးအတွက် ဆောင်ရွက်ရသည်မှာ ထင်သလောက် လွယ်ကူခြင်းမရှိပါ။ အထူးသဖြင့် မြို့ပြဒေသတွင်နေထိုင်သည့် အောက်ခြေလူ့အဖွဲ့အစည်းများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ရသည့်အပိုင်းတွင် တစ်ကမ္ဘာလုံးက အစွမ်းကုန် အားထုတ်နေရဆဲ ဖြစ်သည်။ မိမိတို့၏ကျန်းမာရေးကို ထိခိုက်လာနိုင်မည့် အကြောင်းအရာများ၊ အန္တရာယ်ပေးနိုင်သည့် ပြဿနာများကို ဖြေရှင်းရာတွင် မြို့နေပြည်သူတစ်ဦးချင်းအတွက် ခက်ခဲလှသဖြင့် ဘက်စုံထောင့်စုံက လူတိုင်းပူးပေါင်းဆောင်ရွက်လာအောင် စည်းရုံးနေရခြင်းဖြစ်သည်။ ထို့အပြင် ရုပ်ဝတ္ထုများ တိုးလာသည်နှင့် ကျန်းမာရေးအလိုအလျောက်တိုးတက်လာခြင်းမရှိဘဲ ကျန်းမာရေးနှင့်ညီသော အပြုအမူများကို မြို့သူမြို့သားတိုင်းက ပြုမူမှသာ တစ်ယောက်၏ကျန်းမာရေးကို တစ်ယောက်က အာမခံနိုင်မည်ဖြစ်သည်။ ပင်လယ်ထဲတွင် ပုပ်သွားသော ငါးခုံးမတစ်ကောင်ကြောင့် မည်သို့မျှထိခိုက်သွားစရာမရှိသော်လည်း လှေထဲတွင် ပွတ်သိပ်ကျပ်နေသော ငါးများမှာ ငါးခုံးမတစ်ကောင်ပုပ်လျှင် အားလုံးပုပ်သွားမည် ဖြစ်သည်။ လူနေမှု ထူထပ်သိပ်သည်းသော မြို့ပြများတွင် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သော သာဓကများစွာရှိသည်။ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ ကျောက်ရောဂါမှအစ အခုနောက်ဆုံးဖြစ်ပေါ်နေသည့် A(H1N1) ရောဂါသစ်အထိ ကူးစက်ကပ်ရောဂါများကို လေ့လာကြည့်လျှင် သိနိုင်သည်။ ထို့ကြောင့် မြို့ပြလူနေမှုဘဝ မြင့်မားရေးအတွက် ရည်မှန်းသူတိုင်းသည် ကျန်းမာရေးအဆင့် မြှင့်တင်ပေးဖို့ လိုအပ်ကြောင်း အသိပေးနှိုးဆော်သည့်အနေနှင့် ""မြို့ပြလူမှုဘဝမြင့်မားရေး၊ ကျန်းမာရေးကိုမြှင့်တင်ပေး"" ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် နောင်အနှစ် ၂၀အကြာ (၂၀၃၀)တွင် လူဆယ်ယောက်လျှင် ခြောက်ယောက် မြို့ပြတွင်နေထိုင်မည်ဟု ခန့်မှန်းသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူထု၏ (၇၀ရာခိုင်နှုန်း)သည် မြို့ပြများတွင် နေထိုင်မည်ဟု တွက်ဆထားကြသည်။ ဤသို့ဖြစ်လာနိုင်မည့် အပြောင်းအလဲအတွက် မြို့ပြများတွင် အဆင့်ဆင့်ပြင်ဆင်ထားရန် လိုအပ်သည်။ ကျန်းမာအောင်နေထိုင်မှု၊ ကျန်းမာအောင်စားသောက်မှု၊ ကျန်းမာစေသော ပတ်ဝန်းကျင်၊ ကျန်းမာစေသော စိတ်ဓာတ်၊ ကျန်းမာစေသောလူပ်ရှားမှု၊ လုပ်ကိုင်မှု၊ ကျန်းမာရေးကို အလေးပေးသော လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးကိုတန်ဖိုးထားသောစိတ်ဓာတ်၊ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးလိုသောစေတနာ၊ မြို့ပြလူမှုဘဝကို လွှမ်းခြုံနေဖို့ တာဝန်ကြီးတစ်ရပ်သည် မြို့ပြလူထုအတွက် မရှောင်လွှဲနိုင်သော တာဝန်ပင်ဖြစ်သည်။ ဤတာဝန်ရှိသည့်အကြောင်း သတိပြုမိလာစေရန် (Awareness)၊ အသိကို အလုပ်အဖြစ် စနစ်တကျ ပြောင်းလဲနိုင်မှု (Action) စည်းရုံးလှုံ့ဆော်လျက်ရှိကြသည်။ ဤသို့ ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိကြောင်းကိုလည်း အားလုံးက လက်ခံနိုင်ကြဖို့ အရေးကြီးလှသည်။

ကမ္ဘာ့ကျန်းမာရေးနေ့ကို အကြောင်းပြု၍ ကမ္ဘာ့လူသားများသည် မိမိတို့ သက်ဆိုင်ရာ အဖွဲ့အစည်း၊ အစုအဝေးအလိုက် လုပ်သင့်လုပ်ထိုက်သော အလုပ်များကို မိမိတို့တစ်နိုင် လုပ်ဆောင်ကြရန် စည်းရုံးလျက်ရှိသည်။ မိမိတို့ကို ကျန်းမာစေသော အလုပ်များ၊ မိမိတို့၏ ကျန်းမာမှုကို ပိုမိုမြင့်မားစေသော ဆောင်ရွက်မှုများသည် အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာများသာဖြစ်သည်။ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်နှင့်လည်း တစ်ထပ်တည်းကျသည်။

မြို့ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်သင့်သည့် အကြောင်းရင်းများတွင်-

(၁) မြို့ပြကို ပြောင်းရွှေ့နေထိုင်မှုများသည် မရပ်မစဲဖြစ်ပေါ်နေခြင်း
(၂) မြို့ပြများတွင် ကျန်းမာရေးကွာဟချက် များပြားခြင်း
(၃) မြို့ပြ၏ ဖြစ်တည်မှုသည် ကျန်းမာရေးကို ပြဋ္ဌာန်းလျက်ရှိခြင်း
(၄) မကူးစက်နိုင်သောရောဂါများ၏ ဖိစီးမှု ဝန်ထုပ်ဝန်ပိုးများ များပြားလာခြင်း
(၅) မြို့ပြလူမှုဘဝတွင် ကိုယ်လက်လှုပ်ရှားမှုနှင့် မျှတသော အာဟာရ ရရှိရန် ခက်ခဲခြင်း
(၆) ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ် ပိုမိုများပြားလာခြင်း
(၇) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် များပြားလာခြင်း
(၈) မြို့ပြများတွင် အကြမ်းဖက်မှု ပြဿနာများ များပြားလာခြင်း

တို့သည် အရင်းခံ အကြောင်းတရားများပင်ဖြစ်ကြောင်း ထောက်ပြကြသည်။

ဤအကြောင်းတရားများ ဖြေရှင်းနိုင်ရေးအတွက် မြို့ပြလူထုအနေဖြင့် ဆောင်ရွက်ကြရမည့် လုပ်ငန်းများစွာရှိသည်။ လူတိုင်းကိုယ်စီတာဝန်ယူ၍ ဌာနအဖွဲ့အစည်းတိုင်းက ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စပင်ဖြစ်သည်။ စံပြမြို့ကြီးများအဖြစ် ကမ္ဘာ့အလယ်တွင် ခြေတစ်လှမ်းတိုးလာနိုင်ရန်အတွက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်က တပ်လှန့်နှိုးဆော်လိုက်သည်။ မြို့ပြကျန်းမာရေးခရီးရှည်ကြီးတွင် ပထမဆုံးသော ခြေလှမ်းများကို လာမည့် ဧပြီလ ၇ရက်မှစတင်၍ လှမ်းကြရမည် ဖြစ်သည်။

- ဒီဇင်ဘာအားကစားလက်ဲ့သို့ မြို့ပြလူထု စုပေါင်းလမ်းလျှောက်နိုင်ပါသည်။
- လွတ်လပ်ရေးပွဲများကဲ့သို့ လမ်းမများကို အနားပေး၍ မြို့နေလူထု စုပေါင်းအားကစားများ၊ ပြိုင်ပွဲများ ပြုလုပ်နိုင်ပါသည်။
- လမ်းမကြီးပေါ်တွင် စက်တပ်ယာဉ်များကို တစ်ရက်တာအနားပေး၍ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ပါသည်။
- စက်တပ်ယာဉ်ကင်းစင်သော လမ်းမများပေါ်တွင် တစ်ရက်တာ ပျော်ရွှင်စွာ တီးမှုတ် ကခုန် ပွဲလမ်းသဘင် ပြုလုပ်နိုင်ပါသည်။
- ကျန်းမာရေးနှင့်ညီသော အစားအစာများကို ထိုလမ်းမကြီးများပေါ်တွင် အပြိုင်အဆိုင် ရောင်းချနိုင်ပါသည်။
- မြို့ပြကျန်းမာရေးအားပေးသည့်အနေဖြင့် ကုန်တိုက်မှ အားကစားပစ္စည်းများကို အထူးလျှော့ဈေးဖြင့် ဈေးရောင်းပွဲတော် ပြုလုပ်နိုင်ပါသည်။
- သဘာဝနည်းဖြင့် ထုတ်လုပ်ထားသော ဟင်းသီး၊ ဟင်းရွက်၊ သစ်သီးဝလံများကို ရှေ့တန်းတင်၍ အပြိုင်အဆိုင်ရောင်းချနိုင်ပါသည်။
- မြို့ပြပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် စုပေါင်းဆောင်ရွက်နိုင်ပါသည်။
- စာပေ၊ အနုပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့ပြကျန်းမာရေး အားပေးသင့်ကြောင်း စုပေါင်းသရုပ်ပြ၊ ဟောပြောပွဲ ပြုလုပ်နိုင်ပါသည်။
- ဒေသခံကျန်းမာရေးဝန်ထမ်းများသည် ဟောပြောကြရုံမက အခမဲ့သွေးတိုင်းပေးခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်း စသည့်ဝန်ဆောင်မှုများကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- မြို့ပြနေ ဒုက္ခိတများကို ဖိတ်ကြား၍ စတုဒိတာကျွေးမွေးခြင်း၊ လက်ဆောင်ပေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။
- မြို့ပြအောက်ခြေ ကလေးများ၏ အာဟာရကို စုပေါင်းဖြည့်ဆည်းပေးနိုင်ပါသည်။

ထိုမျှမက စဉ်းစားနိုင်သမျှစဉ်းစား၍ မိမိတို့၏ မြို့ပြများ ကျန်းမာမှုမြင့်မားလာအောင် တစ်နေ့တစ်ရက်လုပ်ငန်း၊ တစ်လတစ်နှစ်လုပ်ငန်း၊ တစ်သက်တာလုပ်ငန်းများကို မိမိတို့ဒေသ၊ ဆန္ဒနှင့်အညီ ရွေးချယ်စီမံ ဆောင်ရွက်သွားနိုင်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြား ဧည့်သည်ကိုယ်စားလှယ်အဖွဲ့များ ကုန်သည်/စက်မှုအသင်းချုပ်ရုံး၌တွေ့ဆုံ

ရန်ကုန် မတ် ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေး၊ ဗဟိုအလုပ်အမှုဆောင်နှင့် ဖိတ်ကြားထားသော သံနှင့်စတီး စီးပွားရေးလုပ်ငန်းရှင်များအား ဖေဖော်ဝါရီ ၁၈ရက် နံနက်က ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန သံနှင့်သံမဏိနည်းပညာ တက္ကသိုလ်မှ Mr.Ramet Opatumphun , Deputy Managing Director ခေါင်းဆောင်သည့် အဖွဲ့ဝင်ကိုးဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

အလားတူ ထိုနေ့မွန်းလွဲပိုင်းတွင် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်၊ အလုပ်အမှုဆောင် ဦးအေးလွင်တို့သည် အိန္ဒိယနိုင်ငံ BIRLA CORPORATION LIMITED မှ Executive Director & Chief Executive Officer, Mr. B R Nahar ခေါင်းဆောင်သည့် အဖွဲ့ဝင်နှစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။ **(မြန်မာ့အလင်း)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သစ်စေ့ပျိုးထောင်ပွဲ ကော့ကရိတ်၌ကျင်းပ

ကော့ကရိတ် မတ် ၃

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အထောက်အကူပြု သစ်စေ့ပျိုးပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက်က ကော့ကရိတ်မြို့ လှိုင်ဝပျိုးပင်၌ကျင်းပရာ ကော့ကရိတ် ခရိုင်ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူအင်အား၂၅၀ကျော်က ကျွန်းပျိုးစေ့နှစ်တင်းနှင့် မဟောဂနီပျိုးစေ့ ၁၀၀၀၀တို့ကို စုပေါင်း ပျိုးထောင်ကြသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၃-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅:၃၀ ၇။ မွေးမြူသုတ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၂၅ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၈)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၅)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ရှေးဟောင်းသုတ
၂၀။ အနုပညာရှင်၏တစ်နေ့တာ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၁၈)

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်ယူမှု ပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက စတုတ္ထတန်းကျောင်းသား မောင်ဟိန်းထက်ဇော်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (ပညာရေး)

ရခိုင်သဟာယအသင်း မိတ်ဆုံ အပန်းဖြေ သင်္ဘောခရီး ထွက်မည်

ရန်ကုန် မတ် ၃

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် နှစ်စဉ်ဆောင်ရွက်လျက်ရှိသော ဒေသန္တရလေ့လာရေး အပန်းဖြေခရီးစဉ်ကို ယခုနှစ်တွင် ပြည်တွင်းရေကြောင်းမှ သုံးထပ်သင်္ဘောကြီးဖြင့် မတ်၂၇ရက် (စနေနေ့)နံနက် ဖနာရီခွဲတွင် လမ်းသစ်ဆိပ်ခံဖောတံတားမှ ထွက်ခွာမည်ဖြစ်ပြီး နေ့ချင်းပြန်ခရီးဖြစ်သည်။

သင်္ဘောပေါ်တွင် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ရိုးရာစားသောက်ဖွယ်ရာများ ရောင်းချပေးမည်ဖြစ်ရာ ခရီးစဉ်တွင် လိုက်ပါလိုသူ ရခိုင်နွယ်ဖွားများနှင့် မိတ်ဆွေအပေါင်းအသင်းများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးဘိုးတင် ဖုန်း-၂၉၀၃၅၅၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၈၂၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅-၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃၊ ဦးသာမြကျော် ဖုန်း-၅၅၆၂၂နှင့် ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁-၃၉၇၉၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ် လက်ကျန် ၁၀ပွဲစီနှင့် နည်းပြကြီးသုံးဦး

မြင့်မောင်စိုး-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ပရီမီယာလိဂ်ဖလား စတုတ္ထအကြိမ် ဆက်တိုက်ရရှိရေး မျှော်လင့်ချက်ရှိနေသော မန်ယူနည်းပြဖာဂူဆန်။

လန်ဒန် မတ် ၃

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲများ ကစားလာခဲ့သည်မှာ ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီအတွင်း ပွဲစဉ် (၂၈) ပြီးမြောက်ခဲ့လေပြီ။ လက်ကျန် ပွဲစဉ် ၁၀ပွဲသာ ကစားရန် ကျန်ရှိတော့သည်။

သုံးမှတ်ကွာ

ပရီမီယာလိဂ်ပွဲစဉ်များ ပြီးဆုံးရန် နီးကပ်လာသည်နှင့်အမျှ ထိပ်သီးအသင်းများ၏ အားပြိုင်မှုမှာလည်း တဖြည်းဖြည်းအရှိန်မြင့်လာသည်။ ပွဲစဉ် (၂၈)ကစားအပြီး အန်ဆယ်လော့တီ၏ ချယ်လ်ဆီးက ၆၁မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးရောက်နေသည်။ သို့သော် နည်းပြဖာဂူဆန်၏ မန်ယူကလည်း ပွဲတူကစားပြီးချိန်တွင် ရမှတ်၆၀ဖြင့် ဒုတိယနေရာ၌ ကပ်နေသည်။ ထို့အတူ အာစင်ဝင်းဂါး၏ အာဆင်နယ်ကလည်း ထိပ်ဆုံး နှစ်သင်းနှင့် ရမှတ်မှာ မတိမ်းမယိမ်း။ ချယ်လ်ဆီးနှင့် သုံးမှတ်သာ ကွာသည်။

နည်းပြကြီးသုံးဦး

ဤသို့ဖြင့် ကစားပြီး ပွဲအရေအတွက်လည်းတူ ရမှတ်များကလည်း မတိမ်းမယိမ်းဖြစ်နေသောကြောင့် နည်းပြကြီးသုံးဦးဖြစ်သည့် အဲလက်ဇ်ဖာဂူဆန်၊ အန်ဆယ်လော့တီနှင့် အာစင်ဝင်းဂါးတို့သည်လည်း ယခုနှစ် ရာသီအကုန်တွင် ဖလားဆွတ်ခူးနိုင်ရေး အိပ်မက်လှလှလေးများ မက်နေကြပေပြီ။

သို့သော် ဖလားတစ်လုံး လက်ဝယ် မိမိရရပိုက်ခွင့်ရယူရန်ကား သိပ်မလွယ်လှ။

ဇယားထိပ်၌ ဦးဆောင်နေသော ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ။

လာမည့် လက်ကျန်ပွဲ ၁၀ပွဲသည် ပြီးခဲ့သည့် ပြိုင်ပွဲများထက် နှစ်ဆမက ခက်ခက်ခဲခဲ၊ သဲကြီးမဲကြီး ကစားရမည့်ပွဲများသာဖြစ်လာပေပြီ။ သာမန်ကာလျှံကာပွဲများ မဟုတ်တော့။ ဘောလုံးကို အလှကစားခြင်းထက် ဂိုးရရှိရေးအတွက်သာ ဦးစားပေးကစားမည့်ပွဲများ ဖြစ်လာသည်။

ထိပ်သီးချင်း

လာမည့် ပရီမီယာလိဂ်ပွဲ ၁၀ပွဲတွင် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့သည် ထိပ်သီးအချင်းချင်းလည်း အပြန်အလှန် ဆုံတွေ့ရမည့်ပွဲများ ပါဝင်လာသကဲ့သို့ ဒုတိယခြေစွမ်းပြ အကောင်းဆုံးအသင်းများဖြစ်သည့် စပါး၊ မန်စီးတီး၊ လီဗာပူးနှင့် အက်စ်တွန်ဗီလာတို့နှင့်လည်း တစ်ကွေ့မဟုတ်တစ်ကွေ့ တွေ့ဆုံရပေဦးမည်။ ထို ဒုတိယတန်းစားအကောင်းဆုံး အသင်းများသည်လည်း လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် အမှားမခံသည့် အချိန်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ပရီမီယာလိဂ်ဇယားနံပါတ်လေး နေရာသည် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရ မည့်နေရာဖြစ်နေခြင်းကြောင့် စပါး၊ မန်စီးတီး၊ လီဗာပူးနှင့် အက်စ်တွန်ဗီလာတို့သည်လည်း ပွဲတိုင်းအနိုင်ရရေး အရေးကြီးလာသည်။

ထိုနည်းတူစွာပင် ပရီမီယာလိဂ်တွင် တတိယအကောင်းဆုံးအသင်းများဟု ပြောရမည့် အဲဗာတန်၊ ဘာမင်ဂမ်၊ ဘလက်ဘန်းနှင့် စတုတ်အသင်းတို့သည်လည်း လာမည့်နှစ် ယူအီးအက်ဖ်အေ ဝင်ခွင့်ရရှိရေးအတွက် လက်ကျန်ပရီမီယာလိဂ် ၁၀ပွဲမှာ တိုက်ပွဲတစ်ပွဲဟု မှတ်ယူကြပေလိမ့်မည်။

တစ်ဖန် ဟူးလ်စီးတီး၊ ဘော်လ်တန်၊ ဆန်းဒါးလန်းနှင့် ဝီဂန်တို့သည်လည်း တန်းမဆင်းရရေးအတွက် အနိုင်မခံ အရှုံးမပေးသော အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် နွဲကြပေဦးမည်။ ထို့ကြောင့် လာမည့် ပရီမီယာလိဂ် ၁၀ပွဲသည် ခက်ခဲစွာ ကစားရမည်ဟု စောစောပိုင်းက ဆိုခဲ့ခြင်းပင်ဖြစ်၏။

မန်ယူ

လက်ရှိချန်ပီယံမန်ယူသည် မတ်၂၁ ရက် လီဗာပူးနှင့်ကစားရမည့်ပွဲ၊ ဧပြီ ၃ရက် ချယ်လ်ဆီးနှင့် ကစားရမည့်ပွဲ၊ ဧပြီ ၁၇ရက် မန်စီးတီးနှင့် ကစားရမည့်ပွဲနှင့် ဧပြီ ၂၅ရက် စပါးနှင့်ကစားရမည့်ပွဲများသည် အခက်ခဲဆုံး ကျော်ဖြတ်ရမည့် ပွဲစဉ်များပင် ဖြစ်သည်။

ချယ်လ်ဆီး

ထို့အတူ ချယ်လ်ဆီးအသင်းသည်လည်း မတ်၂၇ရက် ဗီလာနှင့်ဆုံတွေ့မည့်ပွဲ၊ ဧပြီ ၃ရက် မန်ယူနှင့် ဆုံတွေ့မည့်ပွဲ၊ ဧပြီ ၁၇ရက် စပါးနှင့်တွေ့မည့်ပွဲ၊ မေ ၁ရက် လီဗာပူးနှင့် ကစားရမည့်ပွဲတို့သည် ခက်ခဲစွာ ကစားရမည့် ပွဲစဉ်များဖြစ်သည်။

အာဆင်နယ်

အလားတူ ဧပြီ ၁၀ရက် စပါးနှင့်တွေ့မည့်ပွဲ၊ ဧပြီ ၂၄ရက် မန်စီးတီးနှင့် ကစားမည့်ပွဲတို့သည် အာဆင်နယ်အတွက် ပွဲကျပ်များပင် ဖြစ်သည်။

မည်သို့ပင်ရှိစေကာမူ နည်းပြကြီးသုံးဦးသည် ပရီမီယာလိဂ်ဖလားကို ပိုက်၍ စိတ်ကူးယဉ်အိပ်မက် မက်နိုင်ကြပြီဖြစ်သည်။ မည်သည့် နည်းပြကြီးသည် ပရီမီယာလိဂ်ဖလားကို အမှန်တကယ် ဆွတ်ခူးမည်ဆိုသည့် အဖြေကို ဘောလုံးပရိသတ်များ စောင့်ကြည့်ရပေဦးမည်သာ…။ ။

ကိုးကား-အင်တာနက်

မန်ယူနှင့် ချယ်လ်ဆီးတို့ကို ကျော်ဖြတ်၍ ဖလားရယူရန် ကြံစည်နေသော အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး။

လာမည့်ဘောလုံးရာသီ၌ စောင့်ကြည့်ရဦးမည့် မန်ယူကွင်းလယ်

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် မတ် ၃

မန်ယူကွင်းလယ်ကို ဖြည့်ဆည်းရန် ဖာဂူဆန် စီစဉ်နေပြီဟု သတင်းထွက်ပေါ်လာသည်။ မန်ယူကွင်းလယ်၌ အဓိကကစားသမားများ လျော့နည်းလာသည်။ ကွင်းလယ်ကစားကွက်အသာစီးရအောင် မကစားနိုင်လျှင် ပွဲရလဒ်မကောင်းနိုင်ကြောင်း ဖာဂူဆန် သဘောပေါက်ခဲ့သည်မှာ အချိန်ကြာမြင့်ခဲ့ပေပြီ။

မန်ယူကွင်းလယ်

မန်ယူကွင်းလယ်၌ ရှိုင်းကိန်း၊ ဘက်ခမ်း၊ ဂစ်(စ်) ပေါစခိုးလ်တို့ ခြေစွမ်းထက်ခဲ့စဉ်ကာလများက မန်ယူတို့ နိုင်ပွဲအလီလီရခဲ့သည်။ မန်ယူကွင်းလယ်မှ တိုက်စစ်ဆင်နိုင်ခဲ့သကဲ့သို့ တစ်ဖက်အသင်း တိုက်စစ်ဆင်ကို လည်း ကွင်းလယ်မှပင် ဟန့်တားဖြတ်တောက်နိုင်ခဲ့သည်။ မန်ယူတို့ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တိုင်း မန်ယူပရိသတ်တို့ စိုးရိမ်ပူပန်မှုသောက မပွားခဲ့ကြရချေ။

လက်ရှိအခြေအနေ

လက်ရှိ မန်ယူကွင်းလယ်၌ကာရစ်၊ နာနီ၊ ဗယ်လင်စီယာ၊ ဖလက်ချာနှင့် ခြေစွမ်းကျဆင်းနေပြီဖြစ်သည့် ပေါစခိုးလ်တို့သာရှိနေသည်။ ကွင်းလယ်ကစားကွက်ကို မစိုးမိုးနိုင်ဘဲ တစ်ခါတစ်ရံ မန်ယူတို့ နိုင်ပွဲရရန်ပင် ကံဖေးမမှုကို မျှော်ကိုးနေရပြီး တိုက်စစ်မှူးများအနေဖြင့်လည်း ဂိုးရရှိရေး ကိုယ်တိုင်ရုန်းကန်နေရသည်ကို တွေ့နေရသည်။

စီစဉ်

မန်ယူကွင်းလယ်သည် လာမည့်ဘောလုံးရာသီ၌ အသွင်သစ် ဖြစ်စေရမည်။ တစ်ချိန်က ပြိုင်ဘက်တိုင်း စိုးရိမ်ခဲ့ရသည့် မန်ယူကွင်းလယ်မျိုး ဖြစ်ရမည်ဟု ဖာဂူဆန်က မန်ယူပရိသတ်ကို ကတိပေးခဲ့သည်။ ထို့ကြောင့် မန်ယူကွင်းလယ်အတွက် ပထမဆုံးခြေလှမ်းအဖြစ် ဘင်ဖီကာအသင်းမှ ကွင်းလယ်ကစားသမား မာရီယာကိုခေါ်ယူရန် ဖာဂူဆန် ကြိုးစားနေသည်။

မာရီယာဆိုသည်မှာ

ဘင်ဖီကာကွင်းလယ်ကစားသမားမာရီယာ၏ နာမည်အပြည့်အစုံမှာ အိန်ဂျယ်ဒီမာရီယာ ဖြစ်သည်။ အာဂျင်တီးနားနိုင်ငံသားဖြစ်ပြီး အသက် ၂၂နှစ်အရွယ်ရှိသူဖြစ်သည်။ ကွင်းလယ်ကစားကွက်ကို ထူးထူးချွန်ချွန် ကစားနိုင်သူဖြစ်ပြီး တိုက်စစ်အားသန်သူလည်း ဖြစ်သည်။

မာရီယာစွမ်းရည်

မာရီယာသည် ဘင်ဖီကာအသင်းအတွက် ယခုနှစ် ဘောလုံး ရာသီတွင် ၂၈ပွဲကစားပေးခဲ့ရာ စုစုပေါင်း ခုနစ်ဂိုး သွင်းယူပေးထားနိုင်ခဲ့သည်။ ပြီးခဲ့သည့်လီဆော့စ်နှင့် ပွဲတွင် မာရီယာက ဟက်ထရစ် ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ဘင်ဖီကာအသင်းက မာရီယာ၏ စွမ်းရည်ကို သိသဖြင့် ၂၀၁၄ခုနှစ်အထိ စာချုပ်ထားသည်။ မာရီယာကို ဝယ်ယူလိုလျှင် အနည်းဆုံးယူရိုသန်း ၄၀ပေးမှ ရောင်းမည်ဟုလည်း ဆိုထားသည်။

ဖာဂူဆန်ဆန္ဒ

မာရီယာ၏ခြေစွမ်းကို ဖာဂူဆန်သဘောကျနေသည်။ မန်ယူကွင်းလယ်နှင့် မာရီယာကစားဟန်က ကွက်တိဖြစ်နေသည်။ လောလောဆယ် ပေါင်သန်း ၂၀ ပေးမည်ဟုဆိုထားသော်လည်း ဖာဂူဆန်က ဈေးထပ်တိုးပေးရန် ဆန္ဒရှိနေသည်။ မန်ယူပိုင်ရှင် ဂလေဇာမိသားစုက ဖာဂူဆန် စိတ်တိုင်းကျစီစဉ်ပါဟု ခွင့်ပြုပေးထားသည်။ သို့သော် ယူရိုသန်း ၄၀မှာ များလွန်းသည်ဟု ဆိုနေသဖြင့် ဖာဂူဆန် ချိန်ဆနေသည်။ မန်ယူကွင်းလယ်အတွက် လူငယ်ကစားသမား အနည်းဆုံးသုံးဦး ထပ်မံဖြည့်ဆည်းမည်ဖြစ်ရာ ငွေကြေးချင့်ချိန်လျက်ရှိသည်။ ထို့ကြောင့် လာမည့် ဘောလုံးရာသီ၌ မန်ယူကွင်းလယ်၌ မည်သို့သော ကစားသမားများ ရောက်ရှိလာမည်ကို စောင့်ကြည့်ရပေဦးမည်။ ။

ကိုးကား-အင်တာနက်

ကမ္ဘာ့အချမ်းသာဆုံး ရီရဲအသင်း ငါးနှစ်ဆက်တိုက် ထိပ်ဆုံး၌ ရပ်တည်

မက်ဒရစ် မတ် ၃

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းများတွင် ရီရဲမက်ဒရစ်အသင်းသည် ငါးနှစ်ဆက်တိုက် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း ဒီလွိုက်တေး အားကစား သတင်းဂျာနယ်က ဖော်ပြသည်-

၁။	ရီရဲမက်ဒရစ်	ယူရို	၄၀၁ ဒသမ ၄သန်း
၂။	ဘာစီလိုနာ	ယူရို	၃၆၅ ဒသမ ၉သန်း
၃။	မန်ယူ	ယူရို	၃၂၇ သန်း
၄။	ဘိုင်ယန်မြူးနစ်	ယူရို	၂၈၉ ဒသမ ၅သန်း
၅။	အာဆင်နယ်	ယူရို	၂၆၃ သန်း
၆။	ချယ်လ်ဆီး	ယူရို	၂၄၃ ဒသမ ၃သန်း
၇။	လီဗာပူး	ယူရို	၂၁၇ သန်း
၈။	ဂျူဗင်းတပ်စ်	ယူရို	၂၀၂ ဒသမ ၃သန်း
၉။	အင်တာမီလန်	ယူရို	၁၉၆ ဒသမ ၅သန်း
၁၀။	အေစီမီလန်	ယူရို	၁၉၆ ဒသမ ၄သန်း

အားကစားသတင်း အတိုအထွာ

တင်းနစ်မယ် ဘယ်လ်တာချာ ကမ္ဘာ့အဆင့် (၆၄)သို့ရောက်ရှိ

အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ်တွင်ကျင်းပသော ဒိုးကော်နင်ကလပ်စစ် တင်းနစ်ပြိုင်ပွဲတွင် အသက် ၂၆နှစ်ရှိ ယူကရိန်းနိုင်ငံသူတင်းနစ်မယ် အီလီနာဘယ်လ်တာချာသည် ပြိုင်ဘက်လူစီဟရာဒက်ကာကို အနိုင်ရရှိကာ ကမ္ဘာ့တင်းနစ်အဆင့် (၆၄)သို့ ရောက်ရှိ ရပ်တည်နိုင်ခဲ့ကြောင်း အင်တာနက်၌ဖော်ပြသည်။

ခံစစ်မှူးလူးဝစ်အား စာချုပ်ခေါ်ယူရန် ချယ်လ်ဆီးစီစဉ်

ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာ ဗဟိုခံစစ်မှူး ဒေးဗစ်လူးဝစ်အား စာချုပ်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း၊ ပရီမီယာလိဂ်ထိပ်တန်းအသင်းများကလည်း ၎င်းအား ၂၀၁၀-၂၀၁၁ ဘောလုံးရာသီအမီ စာချုပ်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

ကူရန်ညီကို ဂျူဗင်းတပ်စ် ခေါ်ယူနိုင်ရေး နီးစပ်

ဂျူဗင်းတပ်စ်အသင်းသည် လီဗာပူးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ရှော်လ်ကေးအသင်းမှ တိုက်စစ်မှူး ကီဗင်ကူရန်ညီအား စာချုပ်ခေါ်ယူနိုင်ရေး နီးစပ်လာပြီဖြစ်ကြောင်း၊ အသက် ၂၈နှစ်ရှိ ကူရန်ညီသည် ယခု ဘောလုံးရာသီအကုန်တွင် ရှောလ်ကေးနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

ဟင်နရီအား အသင်းသုံးသင်းက မျက်စိကျနေ

ဝုဗ်အသင်းမှ အသက် ၂၇နှစ်ရှိ ကွင်းလယ်ခံစစ်မှူးနှင့် အသင်းခေါင်းဆောင် ကားလ်ဟင်နရီအား အက်စ်တွန်ဗီလာ၊ ဆန်းဒါးလန်းနှင့် ဘလက်ဘန်းတို့က ခေါ်ယူရန် မျက်စိကျနေကြကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

မာရှယ်ယာနိုအား လီဗာပူးက လစာတိုးပေးမည်

လီဗာပူးအသင်းသည် အဓိကကွင်းလယ်ကစားသမား မာရှယ်ယာနိုအား ဘာစီလိုနာက ခေါ်ယူရန်ကြိုးပမ်းမှုကို ကာကွယ်သည့်အနေဖြင့် ၎င်းအား စာချုပ်သက်တမ်း နှစ်နှစ် ထပ်မံသက်တမ်းတိုး ချုပ်ဆိုရန်နှင့် လစာတိုးပေးရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးရာ၌ဖော်ပြသည်။

ဒင်ဒါနီအား စာချုပ်ခေါ်ယူရန် ဘလက်ဘန်း ဆန္ဒပြင်းပြ

ဘလက်ဘန်းအသင်းသည် ယခုရာသီတွင်ပြင်သစ်အသင်းလန်းစ်မှ ပို့စ်မောက်သို့ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသည့် အရှုနာဒင်ဒါနီအား ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းခွဲဖြင့် စာချုပ်ခေါ်ယူရန် စိတ်အားထက်သန်နေကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

ဘာကာမှလက်ဘ် ပရီမီယာလိဂ်သို့ပြန်လာမည်

မန်စီးတီးနှင့် အက်စ်တွန်ဗီလာတို့က စာချုပ်ခေါ်ယူလိုသော ဘာစီလိုနာ ကွင်းလယ်ကစားသမား အလက်ဇန္ဒြားလက်ဘ်သည် ပရီမီယာလိဂ်သို့ ပြန်လာမည်ဖြစ်ကြောင်း ဒေးလီးမေးရာ၌ဖော်ပြသည်။

အိုးထရက်ဖို့ဒ်၌ ပျော်ရွှင်ဟု တိုက်စစ်မှူးအိုဝင် ဖွင့်ဟ

မန်ယူတိုက်စစ်မှူးအိုဝင်က ၎င်းအနေဖြင့် အိုးထရက်ဖို့ဒ်တွင် အရန်ကစားသမားဘဝဖြင့်ပင် ပျော်ရွှင်နေကြောင်း ဖွင့်ဟပြောကြားလိုက်ခြင်းဖြင့် မန်ယူမှ ထွက်ခွာမည်ဟူသော ထင်ကြေးသတင်းများကို ငြင်းပယ်ခဲ့ကြောင်း ဒေးလီးတယ်လီဂရပ်၌ ဖော်ပြသည်။

ဝါနော့ခ် ရိန်းဂျားသို့ ပြောင်းရွှေ့နိုင်ဖွယ်

ရိန်းဂျားက ခရစ္စတယ်ပဲလေ့စ်အား နေးလ်ဝါနော့ခ်အတွက် လျော်ကြေးပေါင် လေးသိန်းပေးရန် သဘောတူညီခဲ့ပြီးနောက် ဝါနော့ခ်သည် ရိန်းဂျားနှင့် ဆက်သွယ် ပြောင်းရွှေ့နိုင်ပြီဖြစ်ကြောင်း၊ ၎င်းသည် ရိန်းဂျားတွင် တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀ ရရှိမည် ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဘယ်လာမီ၏ အနာဂတ်လက်ရွေးစင်ဘဝ မရေမရာ

ဘယ်လာမီအား ဝေလအသင်းနည်းပြ ဂျွန်တိုရှက်ခ်က ၎င်း၏လက်ရွေးစင် အသင်းတွင် ပါဝင်ခွင့်ပြု၊ မပြုကို အတည်ပြုရန် ငြင်းဆိုခဲ့ပြီးနောက် ၎င်း၏ နိုင်ငံတကာလက်ရွေးစင်အနာဂတ်မှာ မရေမရာဖြစ်နေကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။

အားနည်းချက်ကို သင်ခန်းစာယူမည်ဟု ဖလော်ဒ်မှိုင်းဖွင့်ဟ

လက်ဝှေ့လောကမှ နှစ်နှစ်ကြာအနားယူပြီး တစ်ကျော့ပြန်လာသူလက်ဝှေ့သမား ဘရက်ဖလော်ဒ်မှိုင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၆ရက်က ဝယ်လ်တာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ဘက် ပရင့်စ်အာရွန်ကို ရှုံးနိမ့်ခဲ့ပြီးနောက် ယင်းပွဲစဉ်မှ အားနည်းချက်များကို ပြန်သုံးသပ်ကာ လာမည့်ပွဲစဉ်များအတွက် ပြင်ဆင်သွားမည်ဟု ပြောကြားခဲ့ကြောင်း အင်တာနက်၌ဖော်ပြသည်။ ။

ချစ်စိုးနိုင်-စုစည်းသည်

ကချင်ပြည်နယ်ရှိဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် စစ်ဆေး

နေပြည်တော် မတ် ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၂၈ရက်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ၏ ဆက်သွယ်ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဆားမော်မိုက္ကရိုဝေ့ဗ်စခန်းနှင့် ပင်းဘောအော်တိုအိတ်ချိန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် မတ် ၁ရက်တွင် ဟိုပင်မိုက္ကရိုဝေ့ဗ်စခန်း၊ မိုးညှင်းမြို့ အော်တိုအိတ်ချိန်းရှိ မိုက္ကရိုဝေ့ဗ်တာဝါတိုင်အသစ် တည်ဆောက်မှုအခြေအနေ၊ အိတ်ချိန်းစက်ခန်းနှင့် D-Amp ဆဲလ်လူလာစက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

ဝန်ကြီးသည် မတ် ၂ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်စီမံကိန်းဧရိယာသို့ ရောက်ရှိပြီး ဆက်သွယ်ရေးစခန်း၊ စက်မှုအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ Yatanarpon Optical Fiber Factory ၌ ကေဘယ်လ်ထုတ်လုပ်မှုအဆင့်ဆင့်၊ Yatanarpon Pan Myanmar စက်ရုံ၌ အိတ်ချိန်းစက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေနှင့် Asia World ကုမ္ပဏီမှ တည်ဆောက်နေသည့် ဆက်သွယ်ရေးဆိုင်ရာစက်ပစ္စည်းများ ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြင်ဦးလွင်မြို့အနီး ရတနာပုံမြို့သစ်စီမံကိန်း ဧရိယာရှိ Yatanarpon Pan Myanmar စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

PIEC Fischer Random စစ်တုရင်ပြိုင်ပွဲ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည်

ရန်ကုန် မတ် ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် Pride International Education Centre (PIEC) တို့မှ ပူးပေါင်းကျင်းပမည့် Fischer Random စစ်တုရင်ပြိုင်ပွဲကို မတ် ၁၉ရက်မှ ၂၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မတ် ၁၈ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်သည်။

Fischer Random Chess သည် ပုံမှန်မဟုတ်သော ကနဦးပွဲစအနေအထားများမှ စတင်ရွှေ့ကစားရခြင်းဖြစ်သည်။ ပုံမှန်မဟုတ်သော ကနဦးပွဲစအနေအထားများမှ စတင်ရွှေ့ကစားရသည့်အတွက် ပုံမှန်စစ်တုရင်ကစားနည်းကဲ့သို့ အဖွင့်ပိုင်းကစားကွက်များကို ကြိုတင်လေ့လာရှာဖွေမှုများ ပြုလုပ်နိုင်ခြင်းမရှိကြောင်းနှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပုံမှန်မဟုတ်သော ကနဦးပွဲစအနေအထား ၉၆၀ရှိကြောင်း သိရသည်။ ဤ Fischer Random စစ်တုရင်ပြိုင်ပွဲသည် ရွှေ့ချိန်ကန့်သတ်ချက်တစ်ဦးလျှင် တစ်နာရီခွဲ ယှဉ်ပြိုင်ရသော မြန်မာပြည်တွင် ပထမဦးဆုံး ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်းရှိ သစ်စက်များ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် စစ်ဆေး

နေပြည်တော် မတ် ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် အမရပူရမြို့နယ် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၀၃)သစ်စက်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထုတ်လုပ်နိုင်မှု

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး အဆင့်မြင့် မီးသွေးတောင့်များ ထုတ်လုပ်နေမှု၊ ပကာသစ်များ၊ သစ်ပါးလွှာများ၊ ဝါး၊ သစ်ရွက်၊ သစ်ကိုင်းများမှ ရရှိသည့် မီးသွေးမှုန့်ကို မြေမှုန့်ဖြင့်ရော၍ မီးသွေးခဲထုတ်လုပ်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သစ်ခွဲစိတ်လည်ပတ်မှုအဆင့်ဆင့်၊ လွှသွားများပြင်ဆင်မွမ်းမံနေမှုနှင့် သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် သစ်အခြေခံစက်မှုဌာန အမှတ်(၂-ခ) ပုံဖော်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ စက်ရုံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Golden Nobel ကုမ္ပဏီမှ ဒါရိုက်တာ ဦးဝင်းဘိုနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သစ်ပါးလွှာနှင့် အထပ်သားထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် မတ် ၃

ကျောက်ဆည်အသင်း (ရန်ကုန်)၏ အဌမအကြိမ်မြောက် ၂၀၀၉ခုနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောက်ဆည်အသင်း(ရန်ကုန်) ရုံးတည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်မွှာရုံ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

အသင်းဝင်များထံသို့ ဖိတ်ကြားစာနှင့် အတူ နှစ်ပတ်လည်အစီရင်ခံစာများ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အသင်းဝင်မဟုတ်သော်လည်း စိတ်ပါဝင်စားသော ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး မြို့နယ်တို့မှ ကျောက်ဆည်ခရိုင် ဒေသဖွားများလည်း တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆သို့ စုံစမ်းဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာ နဝဒေးဈေးသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြု၍ နဝဒေးဈေးသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၂ ရက် နံနက်စနာရီခွဲက လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် နဝဒေးဥယျာဉ်အိမ်ရာအတွင်းရှိ နဝဒေးဈေးသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီလွင်၊ ချင်စုမြန်မာကုမ္ပဏီလီမိတက်အတိုင်ပင်ခံ ဦးမောင်မောင်ကြိုင်နှင့် ပြည့်စုံညွှန့်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ညွှန့်တို့က နဝဒေးဈေးသစ်ဖွင့်ပွဲ အထိမ်းအမှတ် မိုးပျံပူဖောင်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီလွင်နှင့် ချင်စုမြန်မာကုမ္ပဏီ အတိုင်ပင်ခံ ဦးမောင်မောင်ကြိုင်တို့က အမှာစကား အသီးသီးပြောကြားကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ဈေးကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်(၆) ရပ်ကွက် ဥက္ကဋ္ဌဦးဆန်းယုနှင့်အဖွဲ့ဝင်များ၊ နဝဒေးဈေးသစ်တာဝန်ခံ ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(၀၉၇)**

ညောင်လေးပင်မြို့ ဘုရားကြီးလမ်း အမက ပြန်လည်ပြုပြင် တည်ဆောက်မည်

ညောင်လေးပင် မတ် ၃

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဘုရားကြီးလမ်း အမက(ဆရာကြီးဦးကံသာကျောင်း)တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့ကြသောကျောင်းမှာ နှစ်ပေါင်း ၆၀ကျော် ကြာမြင့်ခဲ့ပြီဖြစ်ရာ ယခုအခါ၌ ပြုပြင်ရမည့် အခြေအနေသို့ ရောက်ရှိနေသည်။

ဆက်သွယ်လှူဒါန်းနိုင်

နာယကဆရာကြီး ဦးချစ်တင်ဦးဆောင်သော ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ စတင်နေပြီဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ပညာ သင်ကြားကြရသော ကျောင်းကြီး၏ ပြုပြင်မှုလုပ်ငန်းများတွင် ပညာဒါနအဖြစ် ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဆရာကြီးဦးချစ်တင် (ကျောင်းအုပ်ကြီး၊ ငြိမ်း) ဖုန်း-၀၅၂-၅၀၅၄၁၊ ဦးခင်မောင်ဝင်း (ကျောင်းသားဟောင်း) ဖုန်း-၀၅၂-၅၀၀၉၉၊ ၀၉-၅၃-၈၅၂၃၂၊ ဦးဝင်း (ကျောင်းသားဟောင်း) ဖုန်း-၀၅၂-၅၀၅၅၈၊ ၀၉-၂၀၅၀၅၀၂၊ ဒေါ်ခင်သန်းဦး (ကျောင်းသူဟောင်း) ဖုန်း-၀၅၂-၅၀၁၀၂၊ ၀၉-၅၃-၈၅၃၂၇၊ ဦးအေးကျော် (ကျောင်းသားဟောင်း) ဖုန်း-၀၅၂-၅၀၃၄၄၊ (၅၅၅ စတိုး)၊ ဆရာမဒေါ်သင်းသင်းနီ (ကျောင်းသူဟောင်း) ဖုန်း-၀၅၂-၅၀၂၄၂၊ ၀၉-၅၃၈၅၃၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ညနေပိုင်း ထမင်း ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအား သုံးစွဲပြီးပါက မီးကြွင်း မီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲစတင်ကျင်းပ အားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုနိုင်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Myanmar Double Strong တို့ ပူးပေါင်းကျင်းပသည့် Myanmar Double Strong Championships ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃နာရီက သုဝဏ္ဏရှိ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၌ ကျင်းပသည်။

သရုပ်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး Myanmar Brewery Ltd. မှ ဒုတိယ မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မြန်မာကွင်းသွင်းခြင်းခတ်အသင်းတို့က သရုပ်ပြသကြသည်။

ကျင်းပမည်

ပြိုင်ပွဲကို မတ် ၃ရက်မှ ၇ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လက်ရွေးစင်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၌ ရှစ်သင်း၊ အလွတ်တန်းအဖွဲ့လိုက် ပြိုင်ပွဲ၌ ၁၀သင်းနှင့် လူသစ်တန်းအဖွဲ့လိုက် ပြိုင်ပွဲ၌ ၆၂သင်းပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲတွင် ဆုကြေးများ ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈နာရီတွင် ပြိုင်ပွဲများစတင် ကျင်းပသွားမည်ဖြစ်၍ ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အဖွင့်အမှာစကား ပြောကြားစဉ်။

(မြန်မာ့အလင်း)

4-3 (12).pmd 1 3/4/2010, 2:14 AM

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊
သီရိမင်္ဂလာဥယျာဉ်လမ်း၊ အမှတ် (C-7) နေ
ဦးစံမြင့်-ဒေါ်ကြင်မွေးတို့၏သား
မောင်မျိုးမင်းအောင်
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊
တက္ကသိုလ်ရိပ်သာလမ်းသစ် ၂၅ (A-3) နေ
ဦးလှဝင်း(လေသူရဲတစ်ဦး)-ဒေါ်ခင်စိန်လွင်တို့၏သမီးငယ်
မသီတာဝင်း

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ၁၄-၂-၂၀၁၀ ရက်တွင် ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(၃) ဒေါ်စိုးစိုးအောင် ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းအောင်-မသီတာဝင်း။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၅လမ်း၊ အမှတ် ၈၆ နေ
ဦးသန်းတင်-ဒေါ်အုန်းကျင် တို့၏သားငယ်
မောင်အေးကိုကို
B.A (History)
Final Year(Business & Information Technology)
International Information Economy College, Japan
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ်၅၁ နေ
ဦးမောင်မောင်ဝင်း-ဒေါ်ခင်သက်သက်တို့၏သမီးငယ်
မထက်ထက်ဝင်း
B.A (English)
2nd Year (Asia Pacific Studies)
Ritsumeikan Asia Pacific University, Japan

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၈-၁-၂၀၁၀ရက်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ မြန်မာသုန်းတော်ကြီးကျောင်း၌ မင်္ဂလာဦးဆွမ်းကျွေး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အေးကိုကို-မထက်ထက်ဝင်း။



ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဖုန်းလင်းဦး၏ ပတ်စ်ပို့ အမှတ် အေ-၀၁၇၈၆၃မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အမြန်ပို့ပေးပါရန်။

ဖုန်း-၀၉-၈၅-၅၁၉၁၈။

ကျေးဇူးဆပ်ပါမည်

မောင်သန်းလှိုင်၏ နိုင်ငံကူး လက်မှတ် အမှတ်၀၇၀၉၅၅ သည် အောင်ဆန်းကွင်းအနီး၌ ကျပျောက်သွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁-၅၉၆၄၆၊ ၀၉-၈၅-၃၀၂၉၈။**

နေ့အပူချိန်
၃-၃-၂၀၁၀

ချောက်မြို့
၄၀ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့
၃၉ ဒီဂရီစင်တီဂရိတ်
မကွေးမြို့
၃၉ ဒီဂရီစင်တီဂရိတ်

မောင်ဥက္ကာမင်းမြတ်(ခ)ဥက္ကာ (၃)နှစ်ပြည့် မွေးနေ့ဆုတောင်း

ဖေဖေ မေမေတို့၏ တစ်ဦးတည်းသောသားလေး မောင်ဥက္ကာမင်းမြတ်(ခ)ဥက္ကာ၏ ၄-၃-၂၀၁၀ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ ဤဖေဖေ မေမေတို့နှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်၍ တရားမျှတမှုကို ချစ်မြတ်နိုးသော၊ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းတတ်သော၊ ဆင်ခြင်တုံတရားနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာတစ်ယောက်ဖြစ်ပါစေလို့ ဆုမွန်ကောင်းများ တောင်းလိုက်ပါတယ်-

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား၊
ဦးလေး၊ အန်တီများ၊
ချစ်ဖေဖေ ဦးနိုင်အောင်ကျော်ဝင်း(ကျောင်းစုရပ်၊ ညောင်ဦးမြို့)
ချစ်မေမေ ဒေါ်သူဇာနှင်း(ရွှေမြို့သူ၊ ရွှေတောင်မြို့)။

လူပျောက်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက် တိုက်ပေါင်း၃၊ အခန်း ၂၂နေ ကျွန်မ ဒေါ်တင်တင်ဝင်း၏သမီး မနှင်းဝေဖြူ ၁၂/ဒဂတ(နိုင်)၀၄၉၇၅၁သည် ၁-၃-၂၀၁၀ရက်(တနင်္လာနေ့)ညနေ ၄း၃၀နာရီခန့်တွင် နေအိမ်မှ ထွက်ခွာပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင် လက်ခံထားသူများအား ဥပဒေအရအရေးယူမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်-
ဒေါ်တင်တင်ဝင်း
ဖုန်း-၃၈၂၈၃၁၊ ၀၉-၅၀-၆၄၂၆၄၊ ၀၉-၈၀-၃၀၈၃၅။



TMW Enterprise Ltd.က အရောင်းကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာဦးဝေလွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။
(သတင်းစဉ်)

အရောင်းကိုယ်စားလှယ်များအား TMW Enterprise Ltd. ညစာတည်ခင်း

ရန်ကုန် မတ် ၃

TMW Enterprise Ltd. က အရောင်းကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲ (TMW Dealer's Party & Golden Night)ကို ယမန်နေ့ ည ၇နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆုများပေးအပ်

ထို့နောက် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာ အဖွဲ့ဝင်များကTMW Enterprise Ltd. က ကြီးမှူးကျင်းပသော အရောင်းကိုယ်စားလှယ်များနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရိုက်ချက် အကောင်းဆုံးဆုရရှိသူ အရောင်းကိုယ်စားလှယ် ၁၀ဦးတို့အား ဆုများကိုပေးအပ်ကြသည်။

ဆက်လက်၍ Marketing Manager ဦးဇော်မိုးဦးက မြန်မာနှစ်သစ်ကူးအကြို အထူးဈေးရောင်းပွဲတော် အရောင်းမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာ အဖွဲ့ဝင်များက အရောင်းကိုယ်စားလှယ်များ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများအား ကံစမ်းမဲများကို မဲဖောက်ပေးကြသည်။

ဖြန့်ဖြူးရောင်းချ

မြန်မာနှစ်သစ်ကူးအကြို ဈေးရောင်းပွဲတော်တွင် နှစ်နှင့်ချီ၍ အားပေးခဲ့ကြသော ပရိသတ်များအတွက် TMW Enterprise Ltd. က တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းသော SONY အီလက်ထရွန်နစ်ပစ္စည်းများကို မတ် ၆ ရက်မှ ဧပြီ ၉ ရက်အထိလည်းကောင်း၊ LG အီလက်ထရွန်နစ်ပစ္စည်းများကို မတ် ၉ ရက်မှ ဇွန် ၉ရက်အထိလည်းကောင်း၊T-Home အီလက်ထရွန်နစ်ပစ္စည်းများကို ယနေ့မှ ဇွန်လကုန်အထိ လည်းကောင်း အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် Sony, LG, T-Home အရောင်းပြခန်းများတွင် လက်ဆောင်ပစ္စည်းများနှင့်အတူ အထူးဈေးနှုန်းများဖြင့် ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အရောင်းမြှင့်တင်

SONY LCD TVဝယ်ယူသူတိုင်းအတွက် မျှတသောဈေးနှုန်းများအပြင် Cash Voucher များပေးပြီး ကျေးဇူးတုံ့ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခု ရောင်းချသော Sony ပစ္စည်းများမှာ 2010 ခုနှစ်အတွက် New Models များဖြစ်ကြောင်း၊ Line upအသစ်ကို စတင်မိတ်ဆက်ရင်း အရောင်းမြှင့်တင်ရေး ပြုလုပ်ပေးထားသည်။

LG အီလက်ထရွန်နစ်ပစ္စည်း အထူးအရောင်းမြှင့်တင်ရေး ကာလအတွင်း LG အမှတ်တံဆိပ် Aircon များကို အထူးသက်သာသော ဈေးနှုန်းနှင့် လက်ဆောင်ပစ္စည်းများအပြင် ရောင်းအားအကောင်းဆုံး အထူးကိုယ်စားလှယ်၁၀ဦးကိုလည်း တောင်အာဖရိကနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပွဲကို ကိုယ်တိုင်ကြည့်ရှုနိုင်မည့် အထူးအခွင့်အရေးများကို စီစဉ်ပေးထားသည်။ **(သတင်းစဉ်)**



အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်ခင်မေဝင်း ၁၂/သဃက(နိုင်)၀၁၄၃၅၁၏အမည်ပေါက်ပိုင်ဆိုင်အသုံးပြုနေသည့် ဆယ်လူလာဖုန်းအမှတ်-၀၉-၉၉-၇၁၇၁၉၏ စာချုပ်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသည်။ စာရွက်စာတမ်းလက်ဝယ်ရရှိထားသူများသည် ခုနစ်ရက်အတွင်း လာရောက်အပ်နှံပါ။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးထက်
အထက်တန်းရှေ့နေ

ဦးသန်းညွန့် (စံမြင့်မြတ်)
တရားရုံးချုပ်ရှေ့နေ
အမှတ်(၇၆/၈၀)၊ ပထမထပ်(B-2)၊
ဗညားဒလလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

သိန်းနီမြို့တွင် စာပေဟောပြော

သိန်းနီ မတ် ၃

လားရှိုးခရိုင် သိန်းနီမြို့ အမှတ်(၃)ရပ်ကွက် ဝိန်းအွယ် ဓမ္မရိပ်သာကျောင်းတွင် အောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီ၏ အစီအစဉ်ဖြင့် ကျေးဇူးကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီက အဆိုပါ ကျောင်းဓမ္မာရုံ၌ ကျင်းပရာ စာရေးဆရာများဖြစ်ကြသည့် ရေနံ့သာမောင်ကျော်ညွန့်၊ မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် ဗိုလ်ကလေးတင့်အောင်တို့က ကျေးဇူးကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည်အကြောင်းနှင့်စပ်လျဉ်း၍ ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုးပိုမိုး
အခြားမိုး
သုံးပြီးသတိ
အမြဲရှိ

အခွန်တံဆိပ်ကပ်နှိပ်ပြီး ရောင်းချရေး ရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၃

ဗဟန်းမြို့နယ်အတွင်း ရောင်းချနေသည့် အဖျော်ယမကာနှင့် သောက်ရေသန့်များကို အခွန်အခပေးဆောင်၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး တရားဝင်ရောင်းချစေရန်အတွက် အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို မတ်၃ရက် နံနက်၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံချက် OSS အဖွဲ့ဝင်ခြောက်ဦးနှင့် ရောင်းချခွင့်လိုင်စင်ရယူထားသူ ၉၇ဦး တက်ရောက်ခဲ့ပြီး မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးမင်းနိုင်ဦးက စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

လူကုန်ကူးမှု ပပျောက်ရေး မူခင်းကျဆင်းရေး မြစ်ကြီးနား၌ ဟောပြော



မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅

မူခင်းကျဆင်းရေးနှင့် မူခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် နှစ်ခြင်းခရစ်ယာန်ဘုရား ရှိခိုးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်က မူခင်းကျဆင်းရေး၊ အမှုကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ဟောပြောဆွေးနွေးသည်။(အောက်ဝဲပုံ)

ဆွေးနွေးဟောပြော

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းထင်က မြစ်ကြီးနားမြို့နယ်အတွင်း မူခင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းဆွေးနွေးဟောပြောပြီး ပြည်နယ် ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး မောင်မောင်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းများနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသည်။ (၀၀၃)

ကြက်ငှက်တုပ်ကွေး နှိုးဆော်ရှင်းလင်းပွဲ ခင်ဦးမြို့၌ ဆောင်ရွက်

ခင်ဦး ဖေဖော်ဝါရီ ၂၅

ခင်ဦးမြို့ ကြက်မွေးမြူရေးစုနှင့် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက် ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၈ရက် မွန်းတည့် ၁၂နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်၊ ကြက်မွေးမြူရေးစုနှင့် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြပာန်က ဇီဝလုံခြုံမှုနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ကြက်မွေးမြူရေး လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။ *(၁၈၂)*

လင်းရောင်ခြည်စာကြည့်တိုက် ဇီးကုန်းမြို့ ယင်းမာပင်ကျေးရွာ၌ဖွင့်လှစ်

ဇီးကုန်း ဖေဖော်ဝါရီ ၂၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀နာရီက ဇီးကုန်းမြို့နယ် ယင်းမာပင်ကျေးရွာ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်း၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းနိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်ခိုင်မာရှင်သန်ရေးအတွက် စံ(၅)ချက်နှင့် ညီညွတ်ရေး ဆွေးနွေးသည်။ ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးအရာရှိ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ စာအုပ်စာစောင်များလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ဖေဖော်ဝါရီ ၁၆ ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဟဲလုံကျေးရွာပြောင်းဖူးစေ့စီ ကျောက်ချောလမ်းခင်းလုပ်ငန်းခွင်၌ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးအင်ခွန်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့ ဘုလယ်အင်းကျေးရွာ ရွှေအင်းမြေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်ကကျင်းပရာ ပဲခူးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မောင်အေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၆၆)

ဆီဆိုင်မြို့နယ်၌ စာကြည့်တိုက်ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ဆီဆိုင် ဖေဖော်ဝါရီ ၂၄

ဆီဆိုင်မြို့နယ် နန်းသြကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် အောင်ပညာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၉ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးသန်းမြင့်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ ထို့နောက် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီနှင့်တွေ့ဆုံ၍ သတ်မှတ်ကာလအတွင်း အရည်အသွေးမီ ဆောက်လုပ်ပြီးစီးရေးကို ဆွေးနွေးညှိနှိုင်းသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့်ဓာတ်ပုံပြပွဲ ခန္တီး၌ကျင်းပ

ခန္တီး ဖေဖော်ဝါရီ ၂၂

ခန္တီးမြို့နယ် ကင်းတော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီက (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက ဒို့ဘိုးဘွားဒို့အမွေ ခေါင်းစဉ်ဖြင့် ဟောပြော၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဘဌေးက စောင့်ထိန်းအပ်ပေ ပြည်ထောင်စုအမွေ ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖျာပုံ-ဓမင်းဆိပ်လမ်း ကွန်ဒိုင်းကျေးရွာ တံတားတည်ဆောက်သည့် လုပ်ငန်းခွင်သို့ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုး ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းကိုက ရှင်းလင်းတင်ပြစဉ်။ (၁၃၇)

မီးသတ်လေ့ကျင့်ရေး သင်တန်းဆင်းပွဲ ကြို့ပင်ကောက်၌ ကျင်းပ

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက အရန်မီးသတ်လေ့ကျင့်ရေးသင်တန်း အမှတ်စဉ် (၅/၂၀၀၉) ဆင်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အုန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက သင်တန်းနည်းပြများ၊ သင်တန်းသားများအား ဂုဏ်ပြုလက်ဆောင်၊ ဂုဏ်ပြုလက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ (၁၈၀)

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အောင်မင်္ဂလာ ရွှေ/နောက်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်မာမာသက်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆားလင်းကြီးမြို့နယ်၌ စာအုပ်ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၇

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် နံနက် ၁၀နာရီက ဆားလင်းကြီးမြို့နယ် ချောင်းရိုးကျေးရွာ ပညာ့အားမာန် စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စံ(၅)ချက်နှင့် ညီညွတ်ပြီး စာငှားကတ်စနစ်ပြုလုပ်သော စာကြည့်တိုက်များဖြစ်လာရေး၊ ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်မြေနှင့် အဆောက်အအုံများ တိုးပွားလာရေး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက မိခင်နှင့်ကလေးကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် မြို့နယ် တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်မော်မော်အောင်က မြန်မာ့တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်၊ ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာတွင် ဟောပြော

မြစ်ငယ် ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်း အမရပူရမြို့နယ် ဘုံးအိုးကျေးရွာတွင် ဇီဝလုံခြုံမှုရရှိရန်အတွက် ပိုးသတ်ဆေး ပက်ဖျန်းခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၀နာရီက မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာသူဇာမြင့်၊ မွေးမြူရေးအဖွဲ့ချုပ် ဒေါက်တာမြင့်ဦးတို့အဖွဲ့က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကျေးရွာ၌ ဖေဖော်ဝါရီ ၃ရက် နံနက်က မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ကျေးရွာပြည်သူများအား ကြက်၊ ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပရာ တိုင်းဦးစီးမှူး ဒေါက်တာသောင်းထိုက်၊ ခရိုင်ဦးစီးမှူး ဒေါက်တာခင်မောင်သန်း၊ မွေးမြူရေးအဖွဲ့ချုပ်မှ ဒေါက်တာမြင့်ဦးနှင့် ဒေါက်တာဝင်းကိုကိုတို့ တက်ရောက်ကြသည်။ *(၀၈၀)*

ဒါသင့်နိုင်ငံ မီးဘေးရန် အမှန်ကင်းပါစေ

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း ဆောင်ရွက်သော ရေနံချောင်းမြို့ ဘေးမဲ့ရပ်ကွက် ဘေးမဲ့လမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှထွေးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။



၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲတွင် နိုင်ငံတော်စစ်တီးဝိုင်း၏ သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း(ရွာတော်) စစ်ရေးပြကွင်း၌ ကျင်းပရာ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊

စာမျက်နှာ ၉ ကော်လံ ၄ ■

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) တွင် ဖော်ပြထားပါသည်။